ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့ (19-7-2015) (၈၂၆၆)

တစ်ဦးနှင့် တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့လိုတယ်

လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ တစ်ဦးနှင့် တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့လိုတယ်။ ဒီလိုမှ မဟုတ်ရင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့် တင်းပြည့် ခံစားရမှာမဟုတ်ဘူး။

(၁၉၄၇ ခုနှစ် မတ်လအတွင်း ရေဒီယိုမှ ထုတ်လွှင့်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



အာဇာနည်နေ့ သတင်းအညွှန်း

အာဇာနည်တို့၏ မှာကြားချက်လိုက်နာ

စာတည်းရှုထောင့် စာမျက်နှာ - ၂

ကဗျာတစ်ပုဒ်၊ ကြီးမြတ်ယဉ်ကျေးသော ခေါင်းဆောင်နှင့် အကြမ်းဖက်ဖြေရှင်းခြင်းမရှိပါမူ...

ဆောင်းပါး စာမျက်နှာ - ၆

အတွင်းဝန်များရုံးက ပြောပြသည့် အာဇာနည်နေ့သမိုင်း

စာမျက်နှာ - ၇

အတွေးအမြင်

ကြေးမုံ စာ တည်း ရှေ့ ထောင့် — ၁၉-၇-၂၀၁၅၊ တနင်္ဂနွေနေ့

အာဇာနည်တို့၏ မှာကြားချက်လိုက်နာ

နိုင်ငံတစ်နိုင်ငံ၏အကျိုး၊ ပြည်သူများ၏အကျိုးကို အသက်နှင့်လဲ၍ ရွပ်ရွပ်ချံချံ ကြိုးပမ်းဆောင်ရွက်သောသူသည် အာဇာနည်စိတ်ဓာတ်ရှိသူဖြစ်သည်။ အာဇာနည်ဟူသော ဝေါဟာရကို မြန်မာ့အဘိဓာန်တွင် "အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသူ၊ သာမန်လက်ရုံးရည်၊ နှလုံးရည်ထက် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မျိုးချစ်အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်တမျှအရေးကြီးသော မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်နေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် မသမာသူလူတစ်စု၏ ရက်စက်စွာ လုပ်ကြံမှုကို ခံခဲ့ရပေသည်။ အများအကျိုးအတွက် မိမိအသက်ကိုမငဲ့ကွက်ဘဲ ရဲရဲဝံ့ဝံ့စွမ်းဆောင်နိုင်သူ ထိုမျိုးချစ်ပုဂ္ဂိုလ်ကြီးများအား အာဇာနည်ဟု ခေါ်ထိုက်ပေသည်။

ရဲရင့်သူတို့၏အာဇာနည်စိတ်ဓာတ်တွင်ရှိသည့် အများအပေါ် အကြွင်းမဲ့ ယုံကြည်ခြင်းကို မသမာသူတို့က အခွင့်ကောင်းယူကာ မျိုးချစ်ခေါင်းဆောင်ကြီးများကို လုပ်ကြံခဲ့ခြင်းဖြစ်သည်။ သို့သော် အများအကျိုးအတွက် အသက်ကို ပဓာနမထားဘဲ ဆောင်ရွက်ခဲ့သည့် အာဇာနည်ကြီးများမှာ လူပင်သေသော်လည်း နာမည်မသေဘဲ မြန်မာပြည်သူတို့၏ နှလုံးသားတွင် ယနေ့တိုင် စွဲထင်ကျန်ရှိနေသည်။

မျိုးချစ်အာဇာနည်ကိုးဦး၏ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့မှုသည် ကမ္ဘာတည်သရွေ့ မေ့နိုင်မည်မဟုတ်ချေ။ သမိုင်းစာမျက်နှာများတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ နိုင်ငံအတွက် စွမ်းဆောင်မှုများမှာ ဂုဏ်ယူဝင့်ကြွားဖွယ် ထာဝရတင်ရှိနေသည်။ နှစ် လကြာရှည် အချိန်ကာလ ပြောင်းလဲခဲ့သော်လည်း အာဇာနည်နေ့ကို အောက်မေ့သတိရနေကြမည်သာဖြစ်သည်။

ထိုသို့ အောက်မေ့သတိရနေရုံဖြင့် ကျွန်ုပ်တို့မပြီးသေးချေ။ အာဇာနည်ခေါင်းဆောင်ကြီးများကို သတိရကြသည်ဆိုပါလျှင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မှာကြားချက်များကို သတိရမှတ်သား လိုက်နာကြရမည်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်က ပြည်သူလူထုအား နောက်ဆုံးပြောကြားခဲ့သော အမှာစကားများမှာ မှတ်သားဖွယ်ဖြစ်သည်။

"လွတ်လပ်ရေးဆိုတာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး၊ စည်းနဲ့ကမ်းနဲ့ သဘောမျိုးဖြစ်တယ်၊ စည်းနဲ့ကမ်းနဲ့ရှိမှသာ လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်၊ လွတ်လပ်ရေးရတဲ့အခါ အခွင့်အရေးတွေပိုရလာသလို တာဝန်တွေလည်းပိုလာမယ်၊ လွတ်လပ်ရေးရတဲ့အခါ မြန်မာပြည်ကို ကာကွယ်ရန်တာဝန်ဟာ မြန်မာတွေရဲ့ အဓိကတာဝန်ဖြစ်တယ်"ဟု ဗိုလ်ချုပ်အောင်ဆန်းက မှာကြားခဲ့သည်။

ဗိုလ်ချုပ်က ဤသို့မှာကြားပြီးနောက်ဝယ် ကျွန်ုပ်တို့မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိသောအခါ ကျွန်ုပ်တို့ဗိုလ်ချုပ် မှာကြားခဲ့သည့်အတိုင်း လိုက်နာဆောင်ရွက်ပါ၏လားဟု မေးခွန်းထုတ်ရမည်ဖြစ်သည်။ အဓိကမှာ စည်းကမ်းရှိဖို့ဖြစ်သည်။ စည်းကမ်းရှိလျှင် ရရှိထားသောလွတ်လပ်ရေးသည် အစွန့်ရှည်တည်တံ့နိုင်မြဲမည်ဖြစ်သလို စည်းကမ်းရှိသောနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နေထိုင်နိုင်မည်ဖြစ်သည်။

မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် သူ့ကျွန်ဘဝက အခွင့်အရေးထက် လွတ်လပ်သောနိုင်ငံဘဝမှ အခွင့်အရေးများမှာ များစွာကွာခြားသွားပြီဖြစ်သည်။ ကျွန်ုပ်တို့အခွင့်အရေးများစွာ ရရှိခဲ့ပြီဖြစ်သည်။ အခွင့်အရေးများကို ပိုရလာသလို ဗိုလ်ချုပ်မှာကြားခဲ့သည့်အတိုင်း ကျွန်ုပ်တို့နိုင်ငံနှင့် အများအကျိုးအတွက် တာဝန်များပိုမိုယူနိုင်ပြီလားဟုလည်း မေးခွန်းထုတ်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့ ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ကြားချက်ကို အပြည့်အဝ မလိုက်နာကြသေးပေ။ ဗိုလ်ချုပ်မိန့်ကြားထားသကဲ့သို့ ကျွန်ုပ်တို့ လွတ်လပ်ရေးနှင့်လျော်ညီသော စည်းကမ်းများကို လိုက်နာကြပါလျှင်၊ လွတ်လပ်မှုနှင့် လျော်ညီသော၊ အခွင့်အရေးများနှင့်လျော်ညီသော တာဝန်များကို ပိုမိုထမ်းဆောင်ကြမည်ဆိုပါလျှင် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးသည် အစောပိုင်းကာလကတည်းကပင် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နေချေပြီ။ ။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် အာဇာနည်နေ့၌ ဖွင့်ထားမည်

နတ်မောက် ဇူလိုင် ၁၈

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ဇူလိုင် ၁၉ ရက် အာဇာနည်နေ့၌ နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားမည်ဟု သိရသည်။**(အပေါ်ပုံ)**

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ဗိုလ်ချုပ် ငယ်ဘဝမှစတင်ပြီး နိုင်ငံ့ခေါင်းဆောင်ဘဝအထိ သမိုင်းဝင်ဓာတ်ပုံများကို မှန်ကားကြီးများဖြင့် ပြသထားပြီး ဗိုလ်ချုပ်နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်ပုံတူ စီလီကွန်ရုပ်တုကြီးနှင့် ကမ္ဗည်းကျောက်စာတိုင်များကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာနိုင်ပြီး သာမန်ရက်များတွင် ပြတိုက်တို တနင်္လာနေ့နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပြည်သူများလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ဇင်ဝေယံလင်း(နတ်မောက်)

ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် (၆၈)နှစ်မြောက် အာဇာနည်နေ့(အကြို)ဟောပြောပွဲများကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် (၆၈)နှစ်မြောက် အာဇာနည်နေ့(အကြို) ဟောပြောပွဲများကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။

ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်အတွင်းရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းတွင် (၆၈) နှစ်မြောက် အာဇာနည်နေ့(အကြို) ဟောပြောပွဲကိုကျင်းပရာ စာရေးဆရာကြီးများဖြစ်ကြသော ရေနံသာမောင်ကျော်ညွန့်၊ မောင်ဆန္ဒ (လယ်ဝေး)နှင့် မောင်ကျေးဖူး (ပညာတန်ဆောင်)တို့က "အာဇာနည်စိတ်ဓာတ်"၊ "သမိုင်းတွင်စေသတည်း" ခေါင်းစဉ်များဖြင့် ဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူး ဦးဝင်းဇော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ အထက(၉) ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၀၀ တက်ရောက်ခဲ့ကြပြီး စာပေဟောပြောပေးကြသော စာရေးဆရာကြီးများအား ဂုဏ်ပြုဂါရဝလက်ဆောင်များ ပေးအပ်ကာ ကျောင်းတွင်း(အကြို) လှုပ်ရှားမှုများအဖြစ် ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများကျင်းပခြင်းနှင့် နံရံကပ်စာစောင်များ ပြုစုခြင်းများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သန့်မောင်

တရားရုံးဝန်ထမ်းများ ရက်တိုမွမ်းမံသင်တန်းဖွင့်

မြစ်ကြီးနား ဇူလိုင် ၁၈

တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ ရက်တိုမွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၁၅)ဖွင့်ပွဲကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ သင်တန်းသားသင်တန်းသူ ၂၅ ဦးတက်ရောက်ကြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာက အမှာစကားပြောကြားကာဖွင့်လှစ်ပေးခဲ့သည်။ **(၄၉၉)**

အမည်မှန်

ဦးဂျိုးဇက်၏သား အထက(ပူတာအို) နဝမတန်းမှ မောင်ဂရာဟမ်၏ အမည်မှန်မှာ မောင်လန်ဒွပ်ဂရာဟမ်ဖြစ်ပါကြောင်း။

မောင်လန်ဒွပ်ဂရာဟမ်

&e uelrlawmpnyilom ,ma&;aumrw
pulo;q('Z ,) twziwi '(Open Tender)ac ,jcit

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများရှိ ယာဉ်၊ ယန္တရားများ အသုံးပြုရန် အတွက် ဒီဇယ်ဆီ (၂၀၀၀၀၀)(နှစ်သိန်း) ဂါလန်အား အိတ်ဖွင့်တင်ဒါ (Open Tender)ဖြင့် တင်သွင်းနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါ တင်သွင်းရက် - ၂၀-၇-၂၀၁၅ရက်မှ ၂၃-၇-၂၀၁၅ရက်ထိ
(ခ) အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်၊ အချိန် - ၂၃-၇-၂၀၁၅ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ
(ဂ) အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်၊အချိန်၊နေရာ - ၂၃-၇-၂၀၁၅ရက် (၁၃:၀၀)နာရီ

မှတ်ချက်။ ။တင်ဒါတင်သွင်းသူများ အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ၊ တက်ရောက်ပါရန်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန
အမှတ်(၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၀၅၇၀၈၅

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မွေးနေ့ဆုတောင်း

၁၉-၇-၂၀၁၅ရက်တွင် ကျရောက်သော သမီးလေး ဒေါက်တာမြတ်နိုးဦး၏ (၂၃)နှစ်ပြည့် မွေးနေ့မှစ၍ ကျန်းမာချမ်းသာစွာ အသက်ရှည်နေထိုင်နိုင်ပါစေ၊ သွားလေရာတွင် ဆရာသမားကောင်း၊ မိတ်ဆွေကောင်းများနှင့် တွေ့နိုင်ပါစေ၊ အများပြည်သူကို စောင့်ရှောက်မှုပေးနိုင်သော ထူးချွန်ထက်မြက်သည့် ပညာရှင်တစ်ယောက် ဖြစ်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်။

ချစ်သော

ဖေဖေ မေမေ - ဦးထွန်းထွန်းဦး-ဒေါ်တင်တင်ဝင်း
ကိုကြီး-မမ - ဗိုလ်ကြီးညဏ်ရဲစိုး-မဖြိုးဖြိုးလင်းအောင်
တူလေး-မူတူး
အမှတ်(၇)တပ်မတော်ဆေးရုံ-လှိုင်ကော်
ကိုလေး - ဒေါက်တာစွမ်းဆောင်ဦး
(Trust Oo Co.,Ltd.)

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကယားပြည်နယ် လွိုင်ကော်မြို့ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံ

မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာ အသုံးချရန်လိုအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တောင်ကွဲစေတီတော် ဂေါပကအဖွဲ့က အမှတ်တရ လက်ဆောင် ပြန်လည်ပေးအပ်စဉ်။ (မြန်/ဆက်)

နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ရုပ်ပွားတော်မြတ်အား ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက စေတီတော်မြတ်ကြီးအတွက် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စေတီတော်ရင်ပြင်မှ ကယားပြည်နယ် လွိုင်ကော်မြို့၏ ရှုခင်းများအား ကြည့်ရှုပြီး စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် စေတီတော်လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ပြီး စေတီတော်မြတ်ကြီးအတွက် နဝကမ္မအလှူငွေများကို စေတီတော်ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား စေတီတော်ဂေါပကအဖွဲ့က အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ပြီး နိုင်ငံတော်သမ္မတက ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့မှ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေး ကော်မတီဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေး ကော်မတီဝင်များနှင့် တွေ့ဆုံစဉ်။ (မြန်/ဆက်)

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ယခုခရီးစဉ်သည် သံလွင်တံတား (ဖားဆောင်း) ဖွင့်ပွဲအခမ်းအနားနှင့် ကယားပြည်နယ်ရှိမြို့နယ်အားလုံးသို့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးသည့် အခမ်းအနားကို အားပေးရန်လာရောက်ခြင်း ဖြစ်ပါကြောင်း၊ သံလွင်တံတား (ဖားဆောင်း) ကို ဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင်က ကယားပြည်နယ်နှင့်လည်းကောင်း၊ မြန်မာနိုင်ငံရှိ ကျန်ဒေသများနှင့် လည်းကောင်း အဆက်ပြတ်ပြီး သီးခြားဖြစ်နေသည့် သံလွင်မြစ်အရှေ့ဘက်ခြမ်း မဲစဲဒေသသည် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ပိုင်ဆိုင်သွားသည် သာမက ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများကို လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း။

မကြာမီ မဲစဲဒေသတွင် ထိုင်းနိုင်ငံနှင့် ညှိနှိုင်းပြီး နယ်စပ်ကုန်သွယ်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အနေဖြင့် မိမိတို့၏ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို တစ်ဖက်နိုင်ငံသို့တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့တင်ပို့နိုင်ရန်အတွက် မိမိတို့ပြည်နယ်အတွင်းတွင် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ တည်ထောင်ရန် လိုအပ်ကြောင်း၊ ထိုသို့ တည်ထောင်နိုင်ရန်အတွက် ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးရန် မိမိတို့အစိုးရ တာဝန်ယူချိန်တွင် ဆောင်ရွက်ခဲ့ပါကြောင်း။

၁၉၆၀ ပြည့်နှစ်မှစတင်ပြီး ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းဖြင့် ရန်ကုန် - မန္တလေးမြို့ကြီးများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခဲ့သော်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် ကယားပြည်နယ်တွင်မူ ၂၀၁၁ ခုနှစ်အထိ မြို့ငါးမြို့နှင့် ကျေးရွာအနည်းငယ်သာ မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားရရှိခဲ့ပါကြောင်း၊ ယခုအခါ ကယားပြည်နယ်အတွင်းရှိမြို့ ရှစ်မြို့နှင့် ကျေးရွာ ၂၅၄ ရွာသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာ အသုံးချရန်လိုအပ်ပါကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရန်၊ သန့်ရှင်းသောသောက်သုံးရေနှင့် လုံလောက်သောစိုက်ပျိုးရေရရှိရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန်တို့လိုအပ်ပါကြောင်း။

ကယားပြည်နယ်အတွက် ပထမလေးချက်ကို ရရှိအောင် မိမိတို့ဆောင်ရွက်ပေးခဲ့ပြီး ငြိမ်းချမ်းရေးရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့်သုံးနှစ်ကျော်တွင် ကယားပြည်နယ်အတွင်း သေနတ်သံမကြားရဘဲ ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးကို လက်တွေ့ခံစားနေရပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ပြောကြားသည်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီနှင့် စည်ပင်သာယာရေး ကော်မတီဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (မြန်/ဆက်)

ပြည်တွင်းရေးရာ

❑စာမျက်နှာ ၃ မှ

ထို့နောက် တက်ရောက်လာသူများက မြို့ဖွံ့ဖြိုးတိုးတက်ရေး၊ ရေပေးဝေရေး၊ ဘီလူးချောင်းမြစ်ကြောင်း ထိန်းသိမ်းရေး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးတို့နှင့် ပတ်သက်ပြီး တင်ပြဆွေးနွေးကြရာ နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်အတူ ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ထွန်းလာစေရန်အတွက် ဆောင်ရွက်မှု အခြေအနေများအားလည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအားလည်းကောင်း၊

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကယားပြည်နယ်အတွင်း မြို့နယ်နှင့်ကျေးရွာများအလိုက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ကယားပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု အခြေအနေများနှင့် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုမြင့်မားတိုးတက်လာစေရေး ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက မြန်မာနိုင်ငံရှိ နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များ ဖြစ်လာစေရန်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြည်နယ်ဖွံ့ဖြိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရန်၊ သန့်ရှင်းသော သောက်သုံးရေနှင့် လုံလောက်သော စိုက်ပျိုးရေရရှိရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် ဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေး ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (မြန်/ဆက်)

ရေဆင်းဆည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၈

ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးပြီး အထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးမှား၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**(ယာဉ်)**နှင့် ဇနီးတို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ခရေပင်နှင့် ကံ့ကော်ပင်များအား စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၅၀၀၀ တို့ကို စိုက်ပျိုးပေးခဲ့သည်။

ရေဆင်းဆည်ပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ်မှ စတင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများဖြင့် နှစ်စဉ်စိုက်ပျိုးခဲ့ရာ ယနေ့အထိ (၁၄)ကြိမ် စိုက်ပျိုးခဲ့ပြီး ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သရက်၊ မန်ကျည်း၊ ပိန္နဲ၊ တမာ၊ သစ်စိမ့်၊ မဲဇလီ၊ ကုက္ကို၊ ငုဝါ၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ ဇကရာဇ်ပင်နှင့် အော်ရေးရှားပင် စသည့်စိုက်ပျိုးပင် စုစုပေါင်းအပင် ၇၄၈၁၀ စိုက်ပျိုးနိုင်ခဲ့သည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပကြရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက အသီးသီးစိုက်ပျိုးခဲ့ကြသည်။ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင်စုစုပေါင်းမှာ ၃၆၃၀၁၈ ပင်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

DVB Multimedia Group (၂၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

DVB Multimedia Group ၏ (၂၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင် DVB Multimedia Group ဒါရိုက်တာ ဦးအေးချမ်းနိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်၊

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် ဒီမိုကရေစီ အစိုးရသစ်လက်ထက်တွင် ခေတ်နှင့်လျော်ညီသော မီဒီယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှု၊ သတင်းရယူခွင့်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသို့ သတင်းလာရောက်ရယူလိုသည့် သတင်းထောက်များအတွက် သတင်းထောက်ဗီဇာအမြန်ရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေ၊ စာနယ်ဇင်းဆိုင်ရာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ အွန်လိုင်းမီဒီယာများ ခွင့်ပြုပေးခဲ့မှုအခြေအနေများနှင့် မြန်မာ့မီဒီယာလောက ပိုမိုဖြစ်ထွန်းအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်ပေးကြရန်နှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေး တာဝန်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် မေတ္တာရပ်ခံကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး DVB Multimedia Group ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက DVB ၏ နိုင်ငံရေးဖြစ်စဉ်များနှင့်အတူ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာရေးဆရာဖေမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး DVB Multimedia Group Sale Director, Mr. Christopher Joseph Hajecki က အမှာစကားပြောကြားကာ ကဗျာဆရာငြိမ်းဝေက ဂုဏ်ပြုကဗျာရွတ်ဖတ်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ DVB အား ငွေကြေးထောက်ပံ့ခဲ့သည့် အလှူရှင်များ၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းနှင့် ပြည်တွင်းပြည်ပမီဒီယာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ကိတ်မုန့်ဖောက်၍ အမှတ်တရလက်ဆောင်ပေးအပ်ကာ အခမ်းအနားကို နုပ်သိမ်းခဲ့သည်၊ **(သတင်းစဉ်)**

■

ပြည်တွင်းရေးရာ

မိမိတို့တတ်စွမ်းသမျှ စေတနာအပြည့်ဖြင့် ကြိုးစားသင်ကြားပေးမှသာ အရည်အသွေးပြည့်ဝသည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာမည်

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ဘာသာရပ်အလိုက် သင်ကြားပို့ချမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ဘာသာရပ်အလိုက် တက်ရောက်နေသည့် ကျောင်းသားဦးရေနှင့် တက္ကသိုလ်၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တက္ကသိုလ်၊ ကောလိပ်စုစုပေါင်း ၁၈ဝ ခန့်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင်လည်း တက္ကသိုလ်၊ ကောလိပ်များစွာရှိပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ခွဲဝေ ပေးခဲ့ပါကြောင်း၊ တက္ကသိုလ်တစ်ခု၏အင်္ဂါရပ်များတွင် တက္ကသိုလ်နှင့် လျော်ညီသည့် အဆောက်အအုံများနှင့် ဆရာ ဆရာမများနေထိုင်ရန် အဆောင်များ ကောင်းမွန်ရန်၊ တက္ကသိုလ်နှင့် ဆက်စပ်နေသည့်လမ်းများ ကောင်းမွန်ရန်လိုအပ်ပါကြောင်း။

အထူးသဖြင့် ဆရာ ဆရာမများ၏ အရေးအတွက်နှင့် အရည်အသွေး ကောင်းမွန်ရန် လိုအင်ကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့် ကျန်းမာရေးအတွက် နိုင်ငံတော်အစိုးရမှ ဝန်ထမ်းများကို အရေအတွက် ပြည့်မီအောင် ခန့်အပ်ပေးလျက်ရှိရာတွင် အရေအတွက် ပြည့်မီလာသော်လည်း အရည်အသွေးများ လေ့ကျမသွားစေရေးဂရုပြုရန်နှင့် တက္ကသိုလ်များတွင် လိုအပ်သည့် သင်ကြားမှုအထောက်ကူပြုပစ္စည်းများ ပြည့်စုံမှုရှိရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများကို ပြုစုပျိုးထောင်မွေးထုတ်ပေးမည့် ဆရာ ဆရာမများသည် မိမိတို့ကိုယ်တိုင် အရည်အသွေးပိုင်းကို အမြဲမပြတ် မြှင့်တင်နေရန်နှင့် မိမိတို့တတ်စွမ်းသမျှ စေတနာအပြည့်ဖြင့် ကြိုးစားသင်ကြားပေးမှသာ အရည်အသွေးပြည့်ဝသည့် ကျောင်းသားကျောင်းသူများ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်းနှင့် ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ အရည်အသွေးပြည့်ဝစေရန်အတွက် နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး လေ့လာသင်ယူနိုင်ရေး ကြိုးပမ်းအားထုတ်ကြရန် ဆွေးနွေးတိုက်တွန်းမှာကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ ဘူမိဗေဒပြခန်းအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဘူမိဗေဒပြခန်း၊ စာကြည့်တိုက်နှင့် Language Lab အပါအဝင် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်သည် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် တည်ရှိပြီး ၂၀ဝ၀ ခုနှစ် ဇွန် ၂၉ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ တက္ကသိုလ်တွင် အထူးပြုဘာသာရပ်အလိုက်နေ့သင်ကျောင်းသားနှင့် အဝေးသင်ကျောင်းသား ဦးရေစုစုပေါင်း ၂၉၅၉၀ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပထမအကြိမ် မြန်မာ-အိန္ဒိယ ပူးတွဲညှိနှိုင်းဆွေးနွေးပွဲကော်မရှင် အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပထမအကြိမ် မြန်မာ-အိန္ဒိယ ပူးတွဲညှိနှိုင်းဆွေးနွေးပွဲ ကော်မရှင် အစည်းအဝေး တက်ရောက်ရန်အတွက် နယူးဒေလီမြို့သို့ ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်ထိ သွားရောက်ခဲ့သည်။

အဆိုပါ အဖွဲ့၌ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် အစိုးရအဖွဲ့တို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးနှင့်အတူ ဇူလိုင် ၁၅ ရက်က အိန္ဒိယဝန်ကြီးချုပ် မစ္စတာနရိန္ဒြာမိုဒီအား ဝန်ကြီးချုပ်ရုံး၌ သွားရောက် ဂါရဝပြုတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း (Foreign Service Institute) သို့ သွားရောက်လေ့လာကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း ဌာနမှူးနှင့် ဧည့်ပါမောက္ခများက နိုင်ငံခြားရေးဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း၏ ဌာနမှူးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယူးဒေလီမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်၌ မြန်မာသံရုံးဝန်ထမ်းများအား တွေ့ဆုံသည်။

ဇူလိုင် ၁၆ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယ ပြည်ပရေးရာဝန်ကြီး မစ္စစ်ဆူရှမာ ဆွာရာ့ဂ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အိန္ဒိယ ပြည်ပရေးရာဝန်ကြီး မစ္စစ်ဆူရှမာ ဆွာရာ့ဂ်နှင့်အတူ ပထမအကြိမ် မြန်မာ-အိန္ဒိယ ပူးတွဲညှိနှိုင်းဆွေးနွေးပွဲကော်မရှင် အစည်းအဝေးအား ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေး၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုရှင်သန်ခိုင်မာစေပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့်နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များအပေါ် ကျယ်ပြန့်စွာ ဆွေးနွေးခဲ့သည်။

ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် ပူးတွဲညှိနှိုင်းဆွေးနွေးပွဲကော်မရှင် အစည်းအဝေးကို နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ၂၀ဝ၃ ခုနှစ်က လက်မှတ်ရေးထိုးထားသည့် ညှိနှိုင်းဆွေးနွေးပွဲ သဘောတူစာချုပ်အရ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်နှင့် နှစ်နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ပူးတွဲညှိနှိုင်းဆွေးနွေးပွဲကော်မရှင် အစည်းအဝေးကို အောင်မြင်စွာ ကျင်းပခဲ့ပြီးနောက် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ကဏ္ဍစုံပါဝင်သည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံ၏ သမိုင်းဝင်နေရာတစ်နေရာဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများအား အကြဆွဲဆောင်ရာနေရာတစ်ခုဖြစ်သည့် ရာဂျက်စတန်ပြည်နယ်၏ မြို့တော် ဂျိုက်ပူးမြို့သို့ သွားရောက်လေ့လာခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင် (၁၈/၅) အနီး ကုန်တင်ယာဉ် လမ်းပေါ်ကန့်လန့်လဲကျ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မှပုသိမ်သို့ ကုန်တင်ဆောင်လာသော ယာဉ်မောင်းထွန်းဦး(၄၄) နှစ်မောင်းနှင်လာသည့် ကုန်တင်ယာဉ် အီစူဇူအမျိုးအစား ယာဉ်အမှတ် ၂ခ/----သည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီဝန်းကျင်တွင် ရန်ကုန်-ပုသိမ်ကားလမ်းမ၏ ရန်ကုန်အထွက်မိုင်တိုင် (၁၈/၅)အနီးတွင် ယာဉ်နောက်ဘီးကျွတ်သဖြင့် ယာဉ်မှာပုသိမ်သို့အသွားယာဉ်ကြောပေါ်တွင် ကန့်လန့်လဲကျသွားသည်။

ယာဉ်ရှေ့လေကာမှန်ကွဲကျပျက်စီးပြီး ယာဉ်နောက်ပိုင်းကိုယ်ထည်ပျက်စီးသွားသည်။ ယင်းနေရာသို့ရောက်ရှိလာသော ရန်ကုန်မှပုသိမ်သွား ဆီသယ်ဘောက်ဆာယာဉ်အကူအညီဖြင့် ယာဉ်ကိုဆွဲထောင်ခဲ့သည်ဟု သိရသည်။ ရန်ကုန်မှ ကုန်ကားအလွတ်တစ်စီးဖြင့် ကုန်များသယ်ဆောင်ခြင်း၊ ဆွဲထောင် ထားသော ယာဉ်အားပြုပြင်ပြီး ရှင်းလင်းထားခြင်းတို့ကြောင့် အခင်းဖြစ်ပြီး နာရီအနည်းငယ်အကြာတွင် ယာဉ်ကြောရှင်းလင်းသွားကြောင်းဟု သိရသည်။

ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီခန့်တွင်လည်း ရန်ကုန်-ပုသိမ်ကားလမ်း၏ ပုသိမ်အထွက် မိုင်တိုင် (၁၁/၄)အနီး ကံကုန်း-ဖြောင်းဖြလမ်းဆုံအနီး၊ ကန်ကြီးထောင့်မြို့နယ် အညာဆန်းကျေးရွာအနီး ပုသိမ်မှရန်ကုန်သို့ မောင်းနှင်လာသော ပရိုဘောက်ယာဉ်ငယ် 4F/---သည် မျက်နှာချင်းဆိုင်မှ လူသုံးဦးစီးနင်းလိုက်ပါလာသော မော်တော်ဆိုင်ကယ်နှင့်တိုက်မိရာ ဆိုင်ကယ်ပေါ်ပါလူ သုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

(မောင်စေအောင်)

၂၀၁၅ ခုနှစ် (၂၃) ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာချက်

နေပြည်တော် ဇူလိုင် ၁၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၂၃) ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၀ တို့၌ ဇွန် ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

ယင်းစာမေးပွဲဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ ၃၂၈၄၆ ပါးရှိပြီး ဖြေဆိုသည့်ပုဂ္ဂိုလ်ဦးရေမှာ ၁၆၈၆၁ ပါးဖြစ်သည်။ အောင်မြင်သူဦးရေ စုစုပေါင်းမှာ ၃၁၁၂ ပါးဖြစ်ရာ ၁၈ ဒသမ ၄၅ ရာခိုင်နှုန်းအောင်မြင်ကြသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၄၄၁ ပါး၊ လေးကျမ်းအောင် အပါး ၃၁၀၊ သုံးကျမ်းအောင် ၄၆၄ ပါး၊ နှစ်ကျမ်းအောင် အပါး ၅၅၀၊ တစ်ကျမ်းအောင် အပါး ၇၉၀ တို့ ဖြစ်ကြသည်။

ဝိနည်းငါးကျမ်းအောင် အပါး ၄၄၀ အနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခုံအမှတ်၊ မုံ-၃၁၊ ရှင်စန္ဒိမာ၊ အသက်(၁၇)နှစ်၊ အဘ-ဦးကျော်ဦး၊ သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ အမဇ-၃၃၊ ရှင်သုမင်္ဂလ၊ အသက်(၂၁)နှစ်၊ အဘ-ဦးဖြိုးဝေ၊ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ စိန်-၁၀၃၊ ရှင်ပညာတိက္ခ၊ အသက်(၁၉)နှစ်၊ အဘ-ဦးကုလား၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ တက-၁၄၇၊ မကောမလထေရီ အသက်(၂၂)နှစ်၊ အဘ-ဦးအောင်ကြည်၊ မြသပိတ်သာမဏေ ကျော်စာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ (သီလရှင်ပထမ)

ဆက်လက်ဖော်ပြပါမည်››

ကဗျာတစ်ပုဒ်၊ ကြီးမြတ်ယဉ်ကျေးသောခေါင်းဆောင်နှင့် အကြမ်းဖက်ဖြေရှင်းခြင်းမရှိပါမှ. . .

" ✱ အသူတစ်ရာနက်တဲ့ ချောက်ကမ်းပါးကြီးတစ်ခုသဖွယ်
လောကကြီးတစ်ခုလုံး မည်းမှောင်နေတဲ့
ည အမှောင်တိုက်ကြီးတစ်ခုလုံး ဖုံးအုပ်နေတဲ့ကြားက
အနိုင်မခံ အရှုံးမပေးတဲ့ ငါ့ဝိညာဉ်ကို ပေးသနားတဲ့
မည်သည့်နတ်ဘုရားပဲဖြစ်စေ
ငါကျေးဇူးတင်ပါတယ်။
✱ ကုသိုလ်က အကျိုးပေး ဆိုးရွားခက်ခဲလှပေမယ့်
ငါဟာ နောက်မတွန့်ခဲ့သလို
ရှိုက်ငင်ငိုကြွေး မပြုခဲ့ဘူး
ကံကြမ္မာရဲ့ အထုအထောင်း အရိုက်အပုတ်တွေအောက်မှာ. .
ငါ့ဦးခေါင်းဟာ သွေးချင်းချင်းနီခဲ့သော်လည်း. . .
ဦးမညွတ်ခဲ့။
✱ ဒဏ်ရာဒဏ်ချက်တွေ မျက်ရည်တွေ ပြည့်သိပ်နေတဲ့
ဒီလောကရဲ့ ဟိုမှာဘက်မှာလည်း
ကြောက်စရာအရိပ်မည်းတွေက ဖုံးလွှမ်းနေပေမယ့်
အကြောက်တရားမဲ့တဲ့ ငါ့ကိုသာ
အခုလည်းတွေ့ နောင်လည်းတွေ့လိမ့်မယ်။
✱ တမလွန်ကို သွားရာတံခါးဝဟာ
ဘယ်လောက်ပဲကျဉ်းမြောင်းပါစေ. .
ခွေးရေပုရပိုက်မှာ အာတွေပဲထည့်ရေးပါစေ. . .
ငါသာလျှင် ငါ့ဝိညာဉ်ရဲ့ အရှင်သခင်ဖြစ်တယ်။"



အင်္ဂလိပ်စာ ဂရမ်မာပြဆရာက အင်္ဂလိပ်ကဗျာတစ်ပုဒ်ကို အသံသြဇာပြည့်ပြည့် ပီပြင်ရှင်းလင်းတဲ့အသံနဲ့ ရွတ်ဆိုတယ်။ ပြီးတာနဲ့ အဲဒီကဗျာရဲ့ မြန်မာဘာသာပြန်ကို အခုလို ပီပြင်စွာ အသံနေအသံထားနဲ့ရွတ်ဆိုပြလိုက်တော့ ထောင်ချီရှိတဲ့ ကျောင်းသားတွေဟာ ငြိမ်သက်နစ်မျောလို့. . .။ စိတ်ဝင်တစား နားစိုက်ထောင်နေကြတာများ အပ်ကျသံကြားရလောက်အောင် စူးစိုက်နေကြတယ်။ ကျွန်တော်တို့ငယ်ငယ် အလယ်တန်းကျောင်းသားဘဝ ဆဋ္ဌမတန်းမှာ ကြုံခဲ့ရတဲ့အဖြစ်အပျက်ကို အခုလိုအချိန်ရောက်တိုင်း သတိရနေလေရဲ့. . .။ ဟုတ်တယ်. . .။ အဲဒီအချိန်က ဇူလိုင်လဆန်းပြီဆိုကတည်းက သတင်းစာတွေရဲ့ မျက်နှာဖုံး၊ ခေါင်းစီးဘေးမှာ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းကောက်နုတ်ချက်တွေကို နေ့စဉ်ဆက်တိုက် ဖော်ပြတယ်။ ဇူလိုင် ၁၉ ရက်(အာဇာနည်နေ့)နီးတာနဲ့ ကျောင်းတွေမှာ အာဇာနည်နေ့အကြိုဟောပြောပွဲတွေ ကျင်းပတယ်။ စာစီစာကုံးပြိုင်ပွဲတွေ၊ ပန်းချီပြိုင်ပွဲတွေ ကျင်းပတယ်။

> **ကျွန်တော်တို့တစ်တွေဟာ နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွသော အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်တသ ဂုဏ်ပြုအလေးပြုနေကြခြင်းနှင့်အတူ ကြီးမြတ်ယဉ်ကျေးသော ခေါင်းဆောင်တစ်ယောက်အတွက် လိုအပ်တဲ့ ရိုးသားဖြောင့်မတ်ခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ ဇွဲလုံ့လ ဝီရိယစိုက်ထုတ်ခြင်းနှင့် အမြော်အမြင်ကြီးမားခြင်းဆိုတဲ့ အရည်အချင်းတွေ မွေးမြူကျင့်သုံးနိုင်ကြဖို့ အားထုတ်ကြခြင်း၊ အားထုတ်ကြရန် ပြောဟောရေးသားခြင်းများ လေးနက်စွာပြုမူကြရပါမယ်။**

မှတ်မှတ်ရရ ကျွန်တော် ဆဋ္ဌမတန်းရောက်တဲ့နှစ် ကျောင်းမှာအာဇာနည်နေ့အကြိုဟောပြောပွဲကျင်းပတော့ အဲဒီကာလ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ မြို့နယ်ပါတီယူနစ်နဲ့ မြို့နယ်လမ်းစဉ်လူငယ်စည်းရုံးရေးကော်မတီက တာဝန်ရှိသူ ဟောပြောကြတယ်။ ကျောင်းသားတွေက သိပ်ပြီးစိတ်မဝင်စားကြဘူး။ ထုံးစံအတိုင်း လှုပ်လှုပ်ရွရွနဲ့ပါပဲ. . .။ အဆိုပါပုဂ္ဂိုလ်တွေ ဟောပြောအပြီး ကျောင်းသားကြီးတစ်ယောက်က 'အာဇာနည်ဆိုတာဘာလဲ'လို့ ထမေးတော့ ချက်ချင်းမဖြေနိုင်သေးဘဲ အိုးတိုးအမ်းတမ်းဖြစ်နေချိန် အင်္ဂလိပ်ဂရမ်မာသင်တဲ့ဆရာက ကျောင်းအုပ်ဆရာမကြီးကို လက်ညှိုးလေးထောင်ခွင့်တောင်းပြီး သူဖြေလို့ရပါမလားလို့ မေးတယ်။ ဆရာမကြီးက ခွင့်ပြုလိုက်တော့ ဆရာက အင်္ဂလိပ်ကဗျာတစ်ပုဒ်ကို ရွတ်ဆိုတယ်။ မြန်မာလို ဘာသာပြန်တယ်။

ဘာ့ကြောင့် အာဇာနည်လဲ

အသံသြဇာ၊ ထိမိတဲ့စကားလုံးတွေအောက်မှာ အားလုံးငြိမ်သက်သွားတော့ ဆရာက သူကိုယ်ပိုင်အမူအရာ လက်ညှိုးလေးထောင်ပြီး-

"အာဇာနည်ဆိုတာ သတ္တိဇွတ္တိရှိပြီး
သင့်မသင့်၊ ရာမရာကို ခွဲခြားချင်းသိကာ
ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်သူ"ဆိုတဲ့ အဓိပ္ပာယ်ကို ပြောဆိုပြီး တစ်ခုချင်းရှင်းပြပါတော့တယ်။ သမိုင်းနောက်ခံအကိုးအကားတွေနဲ့ပါပဲ။ သေချာတာတစ်ခုက အလယ်တန်းကျောင်းသား ကျွန်တော်တို့နှလုံးသားတွေထဲမှာ "အာဇာနည်တွေကို ကြည်ညိုစိတ်"၊ "အာဇာနည်မှားကဲ့သို့ ပြုမူအတုယူ ဆောင်ရွက်လိုစိတ်"တွေ သံမှိုစွဲသလို စိုက်ဝင်ခိုင်မာသွားတာပါပဲ။ "အာဇာနည်"ဖွင့်ဆိုခြင်းနှင့်အတူ အပြောကောင်းလှတဲ့ အင်္ဂလိပ်ဂရမ်မာဆရာက ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့ ထူးခြားမှုတွေကို အကျဉ်းချုပ်စိတ်ပိုင်းသုံးသပ်ပြသွားတာဟာ ကြက်သီးမွေးညင်းထဖွယ်ပါ။

တစ်ကြောင်းတည်းစိတ်

ဗိုလ်ချုပ်အောင်ဆန်းဟာ ကလေးအရွယ် လူမမယ်ဘဝကတည်းက မဟုတ်မခံစိတ်ရှိပုံ။ ဒီနောက် နေရှင်နယ်ကျောင်းသား မောင်အောင်ဆန်း၊ ရန်ကုန်တက္ကသိုလ်ကျောင်းသား သမဂ္ဂခေါင်းဆောင် ကိုအောင်ဆန်း၊ တို့ဗမာအစည်းအရုံးအဖွဲ့ဝင် နိုင်ငံရေးသမား သခင်အောင်ဆန်း၊ လွတ်လပ်ရေးတိုက်ပွဲဝင် ဖက်ဆစ်ဆန့်ကျင်ရေး ရဲဘော်သုံးကျိပ်အဖွဲ့ဝင် ဗိုလ်တေဇ နောက် ဗိုလ်အောင်ဆန်း၊ အစိုးရအဖွဲ့ဝင် တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း. . . သူ့ဘဝဖြတ်သန်းမှုတိုင်းမှာ တစ်ကြောင်းတည်းစိတ်နှင့် ယုံကြည်ချက်ခိုင်မာခဲ့ခြင်းဟာ သူငယ်ငယ်က စွဲလမ်းနှစ်သက်ခဲ့တဲ့ ကဗျာတစ်ပုဒ်ကြောင့်ဆိုပြီး ကလောင်လက်နက် စွမ်းအားထက်ပုံကို ဆရာက ပြောဟောသွားခဲ့တယ်။

သူရဲကောင်းဆိုတာ. . .

ကြီးလာမှ ဗိုလ်ချုပ်အောင်ဆန်း စွဲလမ်းနှစ်သက်ခဲ့တဲ့ကဗျာဟာ We Henely ရဲ့ Invictus ဆိုတဲ့ ကဗျာဖြစ်ကြောင်း သိခဲ့ရတယ်။ လူတစ်ယောက် မွေးဖွားကြီးပြင်းလာရာမှာ မွေးရာဗီဇဆိုတဲ့ အခြေခံပေါ်မှာ ပတ်ဝန်းကျင်နှင့်အတူ စာပေရဲ့သြဇာကြောင့် သူ့ဘဝရဲ့ဖြတ်သန်းမှုအစိတ်အပိုင်းများရဲ့ ပုံသဏ္ဌာန်တွေကို ဆင်ခြင်သုံးသပ်လာမိတယ်။ ကျွန်တော်ကိုယ်နှိုက်သည်ပင်လျှင် အသက် (၁၀)နှစ် (၁၁)နှစ်သားအရွယ်က နားကြားခဲ့ရတဲ့ "အာဇာနည်နေ့ဟောပြောပွဲ"ကတစ်ဆင့် နုနယ်သေးတဲ့အသိမှာ ဗိုလ်ချုပ်အောင်ဆန်းကို သူရဲကောင်းတစ်ယောက်ဆိုတဲ့ အိပ်ရာဝင်ပုံပြင်အဖြစ်ပဲ ကြည်ညိုလေးစားခဲ့တာ ဝန်ခံပါတယ်။ သို့ပေမယ့် အပြောအဟောကောင်းလှတဲ့ အင်္ဂလိပ်ဂရမ်မာဆရာကို ကြည့်ပြီး သူလိုဟောချင်ပြောချင်၊ သိချင်တတ်ချင်သွားစေခဲ့တယ်ဆိုတဲ့ "ပုံသွင်း" ခံခဲ့ရမှုကိုလည်း ငြင်းလို့မရခဲ့ပါဘူး။ ဒါကြောင့် သူငယ်ချင်း ကျောင်းနေဖက်၊ အိမ်နီးချင်းတွေလို ကစားမမက်တော့ဘဲ ဦးလေးဦးကြီးများရဲ့ စာအုပ်စင်တွေဆီ တကုပ်ကုပ် အချိန်ကုန်ခဲ့တာပါ။

◦ ဆူးငှက် ◦

ဒီနည်းနာတွေနဲ့ လုပ်ဆောင်ခဲ့တယ်

ဇာသိတွေနှင့် ချင့်ချိန်မိတော့ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ မိမိရောက်ရှိတဲ့အရွယ်မှာ သူ့တိုင်းပြည် သူ့လူမျိုးအတွက် လိုအပ်ချက်ကို သိရှိအောင်ကြိုးစားပြီး အကောင်းဆုံးပြုမူဆောင်ရွက်သွားတာပါပဲ။ အဲဒီအချိန် သူ့တိုင်းပြည် သူ့လူမျိုးရဲ့ အဓိကအရေးတကြီးလိုအပ်ချက်က ဘာလဲ. . .။ တိုင်းပြည်သူကျွန်ဘဝ လွတ်မြောက်ရေး. . .၊ အမျိုးသားလွတ်လပ်ရေးပါပဲ။ ဒီဦးတည်ချက်ကို မမှိတ်မသုန် ရှုးစိုက်ပြီး "ပညာဉာဏ်"နှင့် အကောင်းဆုံး ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းပါ။ ဒီလုပ်ဆောင်ချက်များမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီအရည်အချင်းတွေ၊ ဒီနည်းနာတွေနဲ့ လုပ်ဆောင်ခဲ့တာပါ။

(၁) ရိုးသားဖြောင့်မတ်တယ်။
(၂) ကြိုးစားအားထုတ်တယ်။
(၃) ဇွဲလုံ့လ ဝီရိယ စိုက်ထုတ်တယ်။
(၄) အမြော်အမြင်ကြီးမားတယ်။

မိတ်ဆွေကောင်းစာပေ

ရိုးသားဖြောင့်မတ်တယ်ဆိုရာမှာ မူလဗီဇသန္တာန်ကြောင့်လည်း ဖြစ်သလို ကြီးပြင်းရာပတ်ဝန်းကျင်နှင့် လေ့လာဖတ်ရှုမှု စာအုပ်စာပေတွေကလည်း ထောက်ကူတယ်။ ဒီအချက်အတွက် ဥပမေ ဥပမေယျတွေ အများကြီးပါပဲ။ ချုပ်လိုက်ရင် ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်း (စာပေအပါအဝင်)၊ ဆရာကောင်းတွေနဲ့ ဆည်းကပ်တွေ့ထိခြင်းပါပဲ။

အနိုင်မခံ

နောက်. . . ကြိုးစားအားထုတ်တယ်ဆိုရာမှာ Invictus ကဗျာကို စွဲလမ်းနှစ်ခြိုက်သူဟာ. . . "မည်းမှောင်နေတဲ့ ညအမှောင်တိုက်ကြီး ဖုံးအုပ်နေတဲ့ကြားက အနိုင်မခံ အရှုံးမပေးတဲ့ ငါ့ဝိညာဉ်. . ."ဆိုတဲ့ ခုပ်ဝတ်တန်ဆာကို ကိုယ်နှင့်မကွာ ဝတ်ဆင်လိုက်ကတည်းက ကြိုးစားအားထုတ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်က ချမှတ်ပြီးသားပါပဲ။

အလားတူ. . . "ကံကြမ္မာရဲ့ အထုအထောင်း၊ အရိုက်အပုတ်တွေအောက်မှာ ငါ့ဦးခေါင်းဟာ သွေးခွင်းခွင်းနီသော်လည်း ဦးမညွတ်ခဲ့"လို့ နှလုံးသွင်းနေသူဟာ အခက်အခဲပေါင်းစုံကို "ဇွဲလုံ့လ ဝီရိယစိုက်ထုတ်ကျော်ဖြတ်"မှာပါပဲ။

". . . ကြောက်စရာ အရိပ်မည်းတွေက ဖုံးလွှမ်းနေပေမယ့် အကြောက်တရားမဲ့တဲ့ငါ့ကိုသာ အခုလည်းတွေ့ နောင်လည်းတွေ့လိမ့်မယ်". . . လို့ အစဉ်ကြွေးကြော်နေသူဟာ "အကြောက်တရားမဲ့"ခြင်းကို နောင်အစဉ်အထိ သိရှိသဘောပေါက်နိုင်ဖို့က "အမြော်အမြင်ကြီးမားမှု"ပဲ မဟုတ်ပါလား. . .။

ဒီအရည်အချင်းတွေက ဗိုလ်ချုပ်အောင်ဆန်းကို အလေးအမြတ်ပြုဖွယ် အမျိုးသားခေါင်းဆောင် အာဇာနည်အဖြစ် "ပြည်ထောင်စုမြန်မာနိုင်ငံ"က ထိုက်တန်စွာ ရရှိလိုက်ခြင်းပါပဲ။

ကြီးမြတ်ယဉ်ကျေးသောခေါင်းဆောင်

ကျွန်တော်တို့တစ်တွေဟာ နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွသော အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်တသ ဂုဏ်ပြုအလေးပြုနေကြခြင်းနှင့်အတူ ကြီးမြတ်ယဉ်ကျေးသော ခေါင်းဆောင်တစ်ယောက်အတွက် လိုအပ်တဲ့ ရိုးသားဖြောင့်မတ်ခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ ဇွဲလုံ့လ ဝီရိယစိုက်ထုတ်ခြင်းနှင့် အမြော်အမြင်ကြီးမားခြင်းဆိုတဲ့ အရည်အချင်းတွေ မွေးမြူကျင့်သုံးနိုင်ကြဖို့ အားထုတ်ကြခြင်း၊ အားထုတ်ကြရန် ပြောဟောရေးသားခြင်းများ လေးနက်စွာပြုမူကြရပါမယ်။

အကြမ်းဖက်ဖြေရှင်းခြင်းမရှိမှ

ဒီထက်ပိုမိုအရေးကြီးတာက ယုတ်မာရက်စက်အကြံပက်စက်စွာနှင့် "အကြမ်းဖက်ဖြေရှင်းခြင်း"ဆိုတဲ့ စက်ဆုပ်ဖွယ် အပြုအမူတွေကို ဆန့်ကျင်ကြရပါမယ်။ ငြင်းဆန်ကြရပါမယ်။

ဒီကနေ့ ကျွန်တော်တို့ နိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးက ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းအတွက် အကြီးမားဆုံးအဟန့်အတားဟာ "အကြမ်းဖက်ဖြေရှင်းခြင်း" နည်းလမ်းပါပဲ။ "ညှိနှိုင်းဆွေးနွေးမှုက်နှာချင်းဆိုင် အဖြေရှာခြင်း"ဟာ ယဉ်ကျေးသော လူ့အဖွဲ့အစည်းရဲ့ မှန်ကန်တဲ့နည်းနာပါ။ ကျွန်တော်တို့ လက်နက်နှင့် ဖြေရှင်းသောနည်းလမ်းများကို စက်ဆုပ်ရွံရှာနေပါပြီ။ အကြမ်းဖက်ဖြေရှင်းခြင်းအပြုအမူတွေကို ဆန့်ကျင်ကန့်ကွက်နေပါပြီ။ ကမ္ဘာမြေကြီး ငြိမ်းချမ်းပါစေ. . .။ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ. . .။

ငြိမ်းခုမ်းမှ ညီညွတ်ကြပါမယ်။

ညီညွတ်မှ. . . တိုးတက်ယဉ်ကျေးသော လူ့အဖွဲ့အစည်း ထူထောင်နိုင်မှာ မဟုတ်ပါလား. . .။

အကြမ်းဖက်ဖြေရှင်းခြင်းကြောင့် မြန်မာသာကေ ကမ္ဘာပေါ်ရှိ ကြီးမြတ်ယဉ်ကျေးသော ခေါင်းဆောင်လောင်း၊ ခေါင်းဆောင်ကောင်းများ မဆုံးရှုံးစေသင့်တော့ပါဘူး။ ။

အတွင်းဝန်များရုံးက ပြောပြသည့် အာဇာနည်နေ့သမိုင်း

ဓာတ်ပုံမှတ်တမ်း
ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်

ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံး၌ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးပါက ပြန်လည်ထူထောင်ရေးအတွက် အစည်းအဝေးကျင်းပနေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဇူလိုင်(၁၉)ရက် စနေနေ့ နံနက် ၁၀နာရီ ၃၇ မိနစ်အချိန်တွင်လုပ်ကြံခြင်း ခံခဲ့ရပြီး ယင်းနေ့အား အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းတွင် မှတ်တိုင် တစ်ခုအဖြစ် ပါဝင်နေသည့် အတွင်းဝန်များရုံး၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံခေါင်းဆောင်များလုပ်ကြံခံ ခဲ့ရပြီး သွေးမြေခဲ့ရသည့် အတွင်းဝန်များရုံးမှ သမိုင်း အထောက်အထားနေရာအချို့ကို မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ (၆၈)နှစ်မြောက် အာဇာနည်နေ့မှတ်တမ်း ဓာတ်ပုံအဖြစ် စုစည်းတင်ပြလိုက်ပါသည်။

အစည်းအဝေးကျင်းပစဉ် ဗိုလ်ချုပ်ထိုင်ခဲ့သည့် နေရာနှင့် လုပ်ကြံခံခဲ့ရသည့် နေရာ။

အစည်းအဝေးခန်းမ တည်ရှိရာသို့ ဝင်ရောက်ရသည့် စင်္ကြံလမ်း။

အစည်းအဝေးခန်းမသို့ သွားရောက်ရန်ဝင်ရောက်သည့် ဝင်ပေါက်အား ယခုအချိန်၌ ဤသို့ မြင်တွေ့ရသည်။

လုပ်ကြံမှုဖြစ်ပွားရာ အစည်းအဝေးခန်းမတည်ရှိသည့် အဆောက်အအုံ။ (အာဇာနည်ခေါင်းဆောင်များသည် ယင်းအဆောက်အအုံ၏ ဝထမထပ်တွင် လုပ်ကြံခံခဲ့ရခြင်း ဖြစ်သည်။)

အတွင်းဝန်များရုံး အဆောက်အအုံ အလယ်ဘက်တွင် အာဇာနည်ခေါင်းဆောင်များအားရည်စူးစိုက်ထူထားသည့် သမိုင်းကျောက်စာတိုင်။

ဖြည်တွင်းရေးရာ

❒ **ကျောဖုံးမှ**

သမ္မတတို့ ကာကွယ်ရေးဦးစီးချုပ်တို့ ကိုယ်တိုင်တက်စေချင်လို့ ပြောတဲ့သဘောမဟုတ်ပါဘူး။ ဖြစ်သင့်တာကိုပြောတာပါ။ ခုနောက်ပိုင်းနှစ်တွေမှာတော့ အာဇာနည်နေ့ရောက်တိုင်း မြို့တော်စည်ပင်က လူကြီးတစ်ယောက်လာခေါ်တယ်။ အရင်နဲ့စာရင် နည်းနည်းတော့ ပြောင်းလဲလာပါပြီ။

ဦးစဝ်ကိုင်ဖ (မိုင်းပွန်စော်ဘွား စဝ်စံထွန်း၏ သား၊ မြန်မာ့အလင်းအယ်ဒီတာချုပ်-ငြိမ်း)

ကျွန်တော်က မိုင်းပွန်စော်ဘွား စဝ်စံထွန်းရဲ့ သားသမီး ငါးဦးထဲက တတိယမြောက်သားပါ။ နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း တက်ရောက်ဂါရဝပြုဖြစ်တာများပါတယ်။ နှစ်နှစ်ပဲကျန်းမာရေးကြောင့် မတက်ဖြစ်ခဲ့တာပါ။ နှစ်စဉ်မိသားစုဝင် ၁၀ ဦးကျော် တက်ရောက်ဖြစ်ပါတယ်။

အာဇာနည်နေ့နဲ့ ပတ်သက်လို့ ပြောရရင်တော့ ခုနောက်ပိုင်း နိုင်ငံတော်အနေနဲ့ ပြောင်းလဲတိုးတက်လာတာကို တွေ့ရပါတယ်။ ထူးထူးခြားခြား မနှစ်ကစပြီး ဒုတိယသမ္မတ တက်ရောက်ဂါရဝပြုခဲ့တယ်။ ဒုတိယသမ္မတ ကိုယ်တိုင် ဦးစီးလုပ်ဆောင်ပေးတဲ့အတွက် အသက်ပေးသွားတဲ့ ကျန်ရစ်သူမိသားစုဝင်တွေဖြစ်တဲ့ ကျွန်တော်တို့အတွက်လည်း ဝမ်းသာစရာဖြစ်သလို ပြည်သူတွေအနေနဲ့လည်း ပိုပြီးတော့ သတိတရဖြစ်လာပါတယ်။

ရဲဘော်ကိုထွေး။

ခုနောက်ပိုင်း အာဇာနည်နေ့တက်ရောက်ဂါရဝပြုမယ်ဆိုရင် သက်ဆိုင်ရာက လိုအပ်တာ ဘာရှိလဲ၊ ကားလိုလား စသဖြင့်မေးပါတယ်။ အဲဒီအတွက်လည်း ဝမ်းသာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အခုချိန်ထိဘာအကူအညီ၊ ဘာအခွင့်အရေးမှမတောင်းခဲ့ပါဘူး။

အာဇာနည်နေ့ အဖေတို့ဖြစ်တဲ့အချိန်မှာ ကျွန်တော်ကတောင်ကြီးမှာ ကျောင်းတက်နေတာ ၁၀ နှစ်သားအရွယ်လောက်ပါ။ အဖေက ဖြစ်ဖြစ်ချင်း ဇူလိုင်လ ၁၉ ရက်နေ့မှာ မဆုံးဘဲ နောက်နေ့ ၂၀ ရက်မှ ရန်ကုန်ဆေးရုံကြီးမှာ ဆုံးတယ်။ သွေးလွန်ပြီးဆုံးတယ် ပြောရမှာပေ့ါ။ ဒဏ်ရာကတော့ လည်ပင်းမှာ တစ်ချက်၊ အောက်ဆီးစပ်မှာ တစ်ချက်ထိခဲ့ပြီးဆုံးသွားတာပါ။

အဖေဆုံးတဲ့အချိန် ကျွန်တော့်အနေနဲ့ အမှတ်ရစေခဲ့တဲ့အချက်တစ်ခုကတော့ တောင်ကြီးမှာ ငှက်လိုက်ပစ်နေတဲ့အချိန် အိမ်ပြန်ရောက်တော့ အဘိုးတော်စပ်သူက မင်းကသူများအသက်ကို လိုက်သတ်နေတယ်။ ခုမင်းအဖေ သေပြီလားမသိဘူးဆိုတဲ့ စကားတစ်ခွန်းက ခုချိန်ထိ ကျွန်တော့်ကို သတိတရဖြစ်စေခဲ့တယ်။

ကျွန်တော်တို့ ကျန်ရစ်တဲ့မိသားစုဝင်တွေအနေနဲ့ကတော့ နှစ်စဉ်အဖေဆုံးတဲ့ ဇူလိုင်လ ၂၀ ရက်နေ့ရောက်တိုင်း ဆွမ်းကပ်လှူဒါန်းဒါနပြုတာတွေ လုပ်ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ ခုနောက်ပိုင်း အာဇာနည်နေ့ကို အရင်ထက်ပိုပြီးတော့ ဂရုတစိုက်လုပ်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျန်ရစ်သူမိသားစုဝင်အနေနဲ့ ဝမ်းလည်းသာပါတယ်။

ဒေါ်မမကြီး (ရဲဘော် ကိုထွေး၏ တူမ၊ ကျောင်းဆရာမ - ငြိမ်း)

ကျွန်မက ရဲဘော်ကိုထွေးရဲ့ အစ်မဒေါ်ကြည်ကြည်ရဲ့ သမီးဖြစ်ပါတယ်။ ရဲဘော် ကိုထွေးမှာ မွေးချင်းခြောက်ဦးရှိပါတယ်။ ဦးအောင်သန်းစိန်၊ ဒေါ်အေးကြည်၊ ဦးသာချို၊ ဒေါ်ကြည်ကြည်၊ ဦးသာမောင်နဲ့ အငယ်ဆုံးသား ကိုထွေးဖြစ်ပါတယ်။ ကျွန်မအမေက ကိုထွေးနဲ့ပတ်သက်ပြီး ပြောခဲ့တာကတော့ ကိုထွေးကို မိသားစုတွေက ကိုကိုလို့ခေါ်ကြတယ်။

ကိုထွေးက ငယ်ငယ်ကတည်းက တိုက်ခိုက်တာတွေ ဝါသနာပါတယ်။ ကိုထွေးတို့မိသားစုက မန္တလေးမှာနေကြတာ။ မန္တလေးမှာ ဦးရာဇတ်အိမ်နဲ့ ဘေးချင်းကပ်ပေ့ါ။ ဦးရာဇတ်က ကိုထွေးကို အလွန်ချစ်တယ်။ ဦးရာဇတ် ဝန်ကြီးဖြစ်တော့ သက်တော်စောင့်အနေနဲ့ ခေါ်လို့လုပ်ဖြစ်သွားတာပါ။

ဦးရာဇတ် ရန်ကုန်မှာ တာဝန်စထမ်းဆောင်တော့ ကျွန်မတို့အမေ နေထိုင်တဲ့ ၃၁ လမ်း၊ အောက်ဘလောက်၊ အမှတ် ၇၂ မှာ ရဲဘော်ကိုထွေးက လာနေတယ်။ တစ်ခါတလေ ပြန်မအိပ်ဘဲ ဦးရာဇတ်တာဝန်နဲ့ သွားရာလိုက်သွားတတ်တယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက်ပိုင်းက အိမ်မှာ မိုးကာအင်္ကျီလာယူသွားသေးတယ်။ ပြီးမှ အတွင်းဝန်ရုံးကိုသွားခဲ့တဲ့အချိန်မှာ လုပ်ကြံခံခဲ့ရတာ။

ကိုထွေးလုပ်ကြံမခံရခင် ဇူလိုင်လ ၁၈ ရက်နေ့မှာ ကိုထွေးဆုရခဲ့တဲ့ ဘူးလေးက အိမ်နံရံမှာချိတ်ထားရာကနေ သူ့အလိုလိုပြုတ်ကျသွားတယ်။ အဲဒါ ကိုထွေးရဲ့ အဘွားက ဒါ နိမိတ်မကောင်းဘူး။ ငါ့မြေးတစ်ခုခုများဖြစ်မလားဆိုပြီး တဖွဖွပြောနေတာ။ နောက်နေ့ ဇူလိုင်လ ၁၉ ရက်မှာပဲ ဗိုလ်ချုပ်တို့ လုပ်ကြံခံရတာ ဖုန်းဆက်ပြောလို့သိရပြီး ယူကျုံးမရဖြစ်ခဲ့ရတယ်။

ဒီလို လုပ်ကြံခံရတော့ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းနဲ့ ကိုထွေးတို့ နှစ်ဦးပဲ ဆေးရုံကြီးရောက်ပြီးမှ ဆုံးသွားကြတာ။ ဒဏ်ရာတွေနဲ့ ဆေးရုံရောက်တော့ အဘိုးကသွားကြည့်တယ်။ အဘိုးကို မှတ်မိတဲ့အနေနဲ့ တစ်ချက်ကြည့်ပြီး လက်လှမ်းပေးပြီးမှ ဆုံးသွားခဲ့တယ်လို့ အဘိုးကပြောပြခဲ့တယ်။

မိုင်းပွန်စော်ဘွား စဝ်စံထွန်း။

အာဇာနည်နေ့ရောက်တိုင်း နိုင်ငံတော်အစီအစဉ်နဲ့ လွမ်းသူ့ပန်းခွေသွားချရင်း မွန်းလွဲပိုင်းမှာ သူ့အတွက် ရည်စူးပြီး အလှူလုပ်ပေးတယ်။ ဦးရာဇတ်နဲ့ ကိုထွေးရဲ့ အုတ်ဂူထားရာ တာမွေသင်္ချိုင်းမှာ နှစ်တိုင်းဆုတောင်းမှုပြုလုပ်ခဲ့တယ်။ ဒီနှစ်လည်းအာဇာနည်နေ့ အခမ်းအနားတက်ရောက်မှာပါ။ ဦးလေးဖြစ်သူအတွက် ကောင်းမှုကုသိုလ်လုပ်ဆောင်ပေးဖို့ စိတ်ကူးထားပါတယ်။

နိုင်ငံနှင့် ပြည်သူအတွက် အသက်ပေးခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား မြန်မာပြည်သူတစ်ရပ်လုံးက မေ့ဖျောက်လို့မရ လွမ်းဆွတ်နေကြမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

ဦးစဝ်ကိုင်ဖ(မိုင်းပွန်စော်ဘွား စဝ်စံထွန်း၏သား)။

> **အဖေက ဖြစ်ဖြစ်ချင်း ဇူလိုင်လ ၁၉ ရက်နေ့မှာမဆုံးဘဲ နောက်နေ့ ၂၀ ရက်မှ ရန်ကုန်ဆေးရုံကြီးမှာ ဆုံးတယ်။ သွေးလွန်ပြီးဆုံးတယ် ပြောရမှာပေ့ါ။ ဒဏ်ရာကတော့ လည်ပင်းမှာ တစ်ချက်၊ အောက်ဆီးစပ်မှာ တစ်ချက်ထိခဲ့ပြီး ဆုံးသွားတာပါ။**
>
> **ဒဏ်ရာတွေနဲ့ ဆေးရုံရောက်တော့ အဘိုးက သွားကြည့်တယ်။ အဘိုးကို မှတ်မိတဲ့အနေနဲ့ တစ်ချက်ကြည့်ပြီး လက်လှမ်းပေးပြီးမှ ဆုံးသွားခဲ့တယ်လို့ အဘိုးကပြောပြခဲ့တယ်။**

ဒေါ်မမကြီး (ရဲဘော်ကိုထွေး၏တူမ)

“ဝ” ဒေသ သံဃာတော်များအား (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော်　ဇူလိုင်　၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစီအစဉ်အရ နယ်စပ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ “ဝ”ဒေသ သံဃာတော်များအား (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့ရှိ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မက်မန်းမြို့ ပညာဒီပကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာသိရီ ထံမှ ငြိမ်းပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ လှူဒါန်းသောသင်္ကန်းအစုံ ၅၀၀ နှင့် ရှင်သာမဏေဒွိစုံ အစုံ ၁၂၆၀ တို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော ရှင်သာမဏေဒွိစုံ အစုံ ၅၀ ကို လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသော ရှင်သာမဏေဒွိစုံ အစုံ ၅၀ နှင့် စစ်ဗျူဟာ(အခြေချ)တန့်ယန်းမှ လှူဒါန်းသော ရှင်သာမဏေဒွိစုံ အစုံ ၅၀ ကို လည်းကောင်း၊ “ဝ” အထူးဒေသ(၂) ပန်ဆန်းအထူးမြို့နယ်မှ လှူဒါန်းသော ရှင်သာမဏေဒွိစုံ အစုံ ၅၀ ကိုလည်းကောင်း၊ ပြည်နယ်သာသနာရေးမှူးက လှူဒါန်းသော ရှင်သာမဏေဒွိစုံ ၅၀ ကို လည်းကောင်း၊ ကုမ္ပဏီများမှလှူဒါန်းသော ရှင်သာမဏေဒွိစုံ ၅၅၁ စုံတို့ကို လည်းကောင်း တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တန့်ယန်းမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားမြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တန့်ယန်းမြို့ ကိုင်းကုန်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုသလထံမှ အနုမောဒနာတရားနာယူကြကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ပြည်တွင်းရေးရာ

လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်

ပဲခူး ဇူလိုင် ၁၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်ပင်သာယာခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ များမှ ပုဂ္ဂိုလ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ပြင်ပ ပြည်သူနှင့်တွေ့ဆုံသည့် လုပ်ငန်းများ သည် များစွာထိရောက်မှုရှိပါကြောင်း၊ လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် နိုင်ငံအတွက် အလွန်အရေးကြီးပါ ကြောင်း၊ လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲ ဖြစ်အောင် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိ သူများနှင့်အတူ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက် ရန်လိုကြောင်း။

ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ရွေးကောက်ပွဲ ကော်မရှင်၌ အဓိကတာဝန်ရှိသော်လည်း ကော်မရှင်၏ တာဝန်ဟုသာ သဘောမထားဘဲ လူမှုရေးအဖွဲ့အစည်းများ ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီများ နှင့် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာ၌ အဓိက ကျသည့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ကော်မရှင် နှင့်အတူ လိုခြုံရေးတာဝန်ယူထားသူများကလည်း ဝိုင်းဝန်း ကူညီကြရန်လိုကြောင်း။

မြို့နယ်အတွင်း ပညာရည်အဆင့်မြင့်မားရေး၊ လျှပ်စစ်မီးလင်းရေး၊ စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေ ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပါ အဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများ နှင့်အတူ ပြည်သူများကလက်တွဲပူးပေါင်းဆောင်ရွက်ခြင်း ဖြင့် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်တို့၏ သိရှိနားလည်မှုသည်လည်း အရေးကြီးပါကြောင်း၊ ဖြူးမြို့နယ်ကို စံပြမြို့နယ်တစ်ခု ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြသူများကို ကျေးဇူး တင်ရှိပါကြောင်းနှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ သုမဓမ္မာရာမ ပရိယတ္တိ စာသင်တိုက် သာသနာ့ဗိမာန်တော်၌ ဒေသခံပြည်သူ များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ လက်ထက်၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ခရီးရောက်ပြီး တည်ငြိမ်အေးချမ်းမှုရှိလာခဲ့ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးကဏ္ဍ ပေါင်းစုံ၌ တိုးတက်မှုရှိလာပြီဟုပြောနိုင်သော်လည်း စီးပွား ရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ပိုမိုတိုးတက် အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ- လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက်-လွှတ်တော်က ဖော်ဆောင်ရွက်ဟူသော ဆောင်ပုဒ်ကို ဖော်ဆောင်နိုင်ရန် လွှတ်တော်နားရက်များတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ထဲတွင် မကြားသိ နိုင်သည့် အသံများကို ကိုယ်တိုင်ကြားသိရသဖြင့် အကျိုး များစွာဖြစ်ထွန်းပါကြောင်း၊ လွှတ်တော်ကပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် အုပ်စုတစ်စု၊ အဖွဲ့တစ်ဖွဲ့ အတွက်မဟုတ်ဘဲ ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရန်ဖြစ်ပါကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဖွဲ့ဝင် များနှင့်အတူ ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာ အုပ်စုသို့ရောက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖောင်တော်သီသည် ကျေးရွာအုပ်စုဆိုသော်လည်း မြို့အင်္ဂါ ရပ်အတော်အတန် ပြည့်စုံမှုရှိသည်ဟုသိရှိရ၍ ဝမ်းမြောက် ပါကြောင်း၊ ရောက်ရှိရန်ခက်ခဲသည့် ဖောင်တော်သီဒေသ သို့ မိမိတို့ရောက်ရှိနိုက်တင်ပြလိုသည်များကို ပွင့်ပွင့် လင်းလင်းတင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြား သည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့မိမြို့ဖများနှင့်ဒေသခံပြည်သူ များက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လာမည့် ရွေးကောက်ပွဲသည် မိမိတို့နိုင်ငံအတွက်သာမက မိမိတို့ ဒေသ ကံကြမ္မာ၊ မိမိတို့ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်က ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ထုတ်ပြန်ထားပြီးဖြစ်၍ အဆိုပါ ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်မှသာလျှင် အောင်မြင်မည်ဖြစ်ကြောင်း၊ ဖော်တော်သီ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အပိုင်းကသာမက ကော်မတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်း ဖြင့် မိမိတို့မျှော်မှန်းသကဲ့သို့ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ယနေ့နံနက်ပိုင်းတွင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ငါးထပ်ကြီးဘုရား မွှာရုံ၌ ကညွတ်ကွင်းမြို့ ရွာလည်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အမျူးပြုသော ဆရာတော်၊ သံဃာတော်များ အား တိုင်းပြည်အတွက်အသက်ပေးလှူသွားကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီး များနှင့် စစ်သည်အပေါင်းအားရည်စူး၍ အရှုံဆွမ်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ သုမဓမ္မာရာမ ပရိယတ္တိ စာသင်တိုက်သို့ ရောက်ရှိပြီး စာသင်တိုက် ပဓာနနာယက ဆရာတော်အမျူးပြုသော ဆရာတော်၊သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

အလားတူ မွန်းလွဲပိုင်းတွင် ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာအုပ်စု ရတနာဘုံကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်ပဓာန နာယကဆရာတော် အမျူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ကမ္ဘောဇအသင်း ဇေယျာရွှေမြေကို အနိုင်ကစားကာ နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့

ရန်ကုန် ဇူလိုင် ၁၈

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ၁၂ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

ကမ္ဘောဇအသင်းမှာ အိမ်ကွင်းတွင် တိုက်စစ်မှူးနှစ်ဦး၏ သွင်းဂိုးဖြင့် ဇေယျာရွှေမြေကို အနိုင်ယူကာ နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ် သည်။ ဇေယျာရွှေမြေအသင်း၏ ကစားပုံကောင်းမွန်မှုကြောင့် ကမ္ဘောဇအသင်း ခက်ခက်ခဲခဲကစားခဲ့ရသော်လည်း ပွဲအစ ၁၇ မိနစ်အတွင်းရရှိသည့် အနိုင်ဂိုး များကို ထိန်းထားနိုင်ခဲ့၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။

နိုင်ပွဲပျောက်ဆုံးနေသည့် ကမ္ဘောဇအသင်းမှာ ပွဲစကတည်းက တိုက်စစ် အသားပေးပုံစံဖြင့် ကစားခဲ့ပြီး နှစ်မိနစ်တွင် စိုးမင်းဦးက အဖွင့်ဂိုးစတင်သွင်းယူခဲ့ သည်။ အဖွင့်ဂိုးရပြီးနောက်ပိုင်းတွင် ကမ္ဘောဇအသင်းကစားပုံ ပိုကောင်းလာပြီး ၁၇ မိနစ်တွင် ပရီမီယာလိဂ်တိုက်စစ်မှူးဟောင်း ဖိုလန်က ဒုတိယဂိုးထပ်မံသွင်းယူ ပေးခဲ့သည်။ ၃၆ မိနစ်တွင် ဇေယျာရွှေမြေအသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး အသင်းခေါင်းဆောင် အလက်ဇန္ဒားက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဇေယျာရွှေမြေအသင်း ချေပဂိုးရရှိရန် တရစပ်ဖိကစားခဲ့သော်လည်း ကမ္ဘောဇ အသင်းအများအယွင်းမရှိ ဟန့်တားနိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များ

မကွေး	၃ - ၀	ရခိုင်ယူနိုက်တက်
ရတနာပုံ	၆ - ၁	နေပြည်တော်
မနောမြေ	၁ - ၀	ချင်းယူနိုက်တက်
ဇွဲကပင်	၁ - ၀	ရောဝတီ

ရှိန်းထက်ဇော်

❖ **စစ်ကိုင်းတိုင်းမှ**

တိုက်စားခြင်းကြောင့် အမြင့် ၁၅ ပေ ခန့်ရှိ ဆည်ပေါင်၏ အရှေ့ပိုင်းတွင်ပေ ၁၂၀ ခန့်နှင့်အနောက်ပိုင်းတွင် ပေ ၅၀ ခန့် ကျိုးပေါက်ခဲ့သည်။ ထိုသို့ ကျိုးပေါက်ခြင်းကြောင့် ဆည်၏ တောင်ဘက်ရှိအိမ်ခြေ ၄၀ ခန့် ရေမြုပ်ခဲ့သည့် လက်ယက်တွင်းရွာ၊ အင်ကြင်းမကျေးရွာတွင် အိမ်ခြေ ၂၅ လုံး၊ ဝွေးပင်ကျင်းကျေးရွာတွင် အိမ်ခြေ ၃၀ ခန့်၊ တောင်ကျင်းကျေး ရွာတွင် အိမ်ခြေ ၈၀ ခန့် ရေများ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ခဲဆည်ပေါင် ကျိုး ပေါက်မှုကြောင့် ရေဘေးအန္တရာယ် ကြုံတွေ့နေရသော တောင်ကျင်း ကျေးရွာသို့ ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ကူညီကယ် ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိသည်။

ထို့နည်းတူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇူလိုင် ၁၅၊ ၁၆ နှင့် ၁၇ ရက်နေ့များတွင် မိုးသည်း ထန်စွာရွာသွန်းမှုကြောင့် မင်းမြင် ဆည်အောက်ရှိ အင်းမမြောက်ရွာ သည် ချောင်းရေများ ဝင်ရောက်လာ သဖြင့် အိမ်ထောင်စုအိမ်ခြေ ၉၆ အိမ်၊ လူဦးရေ ၄၇၀ကျော်ကို ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက ရေလွတ်ရာ အင်းမ (တောင်)ရွာသို့ ပြောင်းရွှေ့ခဲ့ရသည်။

ယင်းအပြင် ညောင်ကုန်းကျေးရွာရှိ အိမ် ၁၈ အိမ်အတွင်း ရေဝင်ရောက် ခဲ့ရာ ရေလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရ ကြောင်း သိရသည်။ ထို့ပြင် ကန့်ဘလူ ဘူတာ အမှတ်(၃၃) အိပ်ဇင် အဆန် ရထား တစ်စင်း၊ ပင့်သာဘူတာအမှတ် (၃၇) အမြန်မန္တလာအဆန်ရထား တစ်စင်း၊ ကံကြီးဘူတာ-မန္တလေး- မိုးညှင်းအဆန်ရထား တစ်စင်း၊ ကိုးတောင်ဘို့ ဘူတာ-အိပ်ဇင်အစုန် ရထားတစ်စင်း၊ ခုပ်သင်းဘူတာအမှတ် (၅၈) အထူးအမြန်အဆန်ရထား တစ်စင်းနှင့် အမှတ် (၄၅) ရွာထောင်- ကောလင်း အဆန်ရထားတစ်စင်းတို့ သည် ဘူတာအသီးသီးတွင် မီးရထား များ ရပ်တန့်ထားရလောက်အောင် လမ်းပန်းဆက်သွယ်မှု ပြတ်တောက် လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တိုင်းမှူး ဗိုလ်ချုပ် မင်းနောင်တို့သည် မင်းမြင်ဆည်အနီး ရှိ အင်းမကျေးရွာသို့ သွားရောက်၍ ဆည်တမံခိုင်ခံ့ရေးအတွက် လိုအပ် သော ပစ္စည်းများ၊ စားသောက်ဖွယ်ရာ များအား ရဟတ်ယာဉ်ဖြင့် ပို့ဆောင် ပေးနေမှုအခြေအနေကို ကြည့်ရှု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စီမံ ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ဇူလိုင် ၁၇ ရက် နံနက်ပိုင်း နှင့် မွန်းလွဲပိုင်းများက မိုးအဆက် မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ဒီပဲယင်းမြို့နယ် စိုင်ပြင်ကျေးရွာ အတွင်း ဆည်မြောင်းများကျိုးပေါက် မှုဖြစ်ခဲ့ရာ ရေဆိုးအမှတ်(၁၀)ချောင်း ကျိုးပေါက်သလို ကျခတ်ကျေးရွာတွင် အကျယ်ပေ ၄၀၊ အနက် ၁၀ ပေ ကျိုးပွဲတိုက်စားပြီး ဆည်တော်ကြီး ဒေသန္တရ တစ်ဖက်ပိတ်ဆည် ကျိုးပေါက်ကာ မင်းတဲကုန်းကျေးရွာ တွင် ကျိုးပွဲတိုက်စားမှုများနှင့် မကျိုး စောက်ကျေးရွာများတွင် ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ် ပျားသုံးကျေးရွာ အနီးရှိ ချောင်းရေမြင့်တက်လာမှုကြောင့် လူနေအိမ်သုံးလုံးတွင် နေထိုင်သူတို့ အား ချက်ချင်းပြောင်းရွှေ့ပေးခဲ့ရသလို မော်လိုက်-ပြောင်ဘုတ်လမ်း မိုင်တိုင် အမှတ် ၁၅ ိုင် တစ်ဖာလုံနှင့် နှစ်ဖာလုံ အကြား အရှည် ၁၂ ပေ၊ အကျယ် ရှစ်ပေ၊ အနက်တစ်ပေခွဲခန့်ရှိ ကွန်ကရစ် လမ်း မိုးများ၍ ကွံကျသွားခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မကွေးမြို့နယ်တွင် နဂါးမောက်ပင်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိ

မကွေး ဇူလိုင် ၁၈

အလှအပနှင့် ကျန်းမာရေးအတွက် အထူးသင့်လျော်သော နဂါးမောက်သီးကို ရေမြေဥတုနှင့်ကိုက်ညီသော မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးလျက်ရှိသည်။ မကွေးမြို့ စွန်ရပ်ကွက်နှင့်ကျေးရွာများတွင်လည်း နဂါးမောက်ကို ခြံတည်စိုက်ပျိုးမှုများပြားလာပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ နဂါးမောက်သီးကို မြို့ပေါ်ဈေးကွက်တွင်သာမက အခြားမြို့နယ်ဈေးကွက်များအထိ ဖြန့်ချိနိုင်ရန်ကြိုးစားဆောင်ရွက်နေမှုမှာလည်း အောင်မြင်စပြုနေပြီဖြစ်သည်။

"နဂါးမောက်သီးကို ဗီယက်နမ်၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတွေမှာ စီးပွားဖြစ်စိုက်တယ်။ ဆေးပညာရှင်တွေရဲ့ သုတေသနပြုချက်အရ နဂါးမောက်ဟာ အလှအပရေးရာမှာအထူးအကျိုးပြုတဲ့အတွက် ဈေးကွက်တွင်ကျယ်လာပြီးတဲ့နောက် မြန်မာနိုင်ငံ ရှမ်းပြည်နယ်ဘက်မှာ ပထမဦးဆုံးစမ်းသပ်စိုက်ပျိုးလို့ အောင်မြင်လာတော့ နေရာဒေသအနှံ့အပြားနဲ့ အပူပိုင်းဒေသတွေအထိပါ တွင်တွင်ကျယ်ကျယ်စမ်းသပ်စိုက်ပျိုးလာကြတယ်။ နဂါးမောက်ဈေးကွက်ကလည်း အရောင်းအဝယ်လိုင်ပြီး ဈေးကောင်းရတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းရှင်တွေကလည်း စိတ်ပါဝင်စားကြတယ်။ ကျွန်တော့်ခြံက နဂါးမောက်ပျိုးပင်တွေကို မန္တလေးက အများဆုံးမှာယူတင်သွင်းတယ်။ ပျိုးတစ်ပင်ကို အရွယ်အစားလိုက်ပြီး အနည်းဆုံးငွေကျပ် ၂၀၀၀ ပေးရတယ်။ ပေါင်တန်းစနစ်နဲ့ တစ်ပေါင်ကိုအပင် ၁၀၀ နှုန်းစိုက်ပျိုးတယ်" ဟု မကွေးမြို့မှ နဂါးမောက်ခြံရှင်တစ်ဦးက ပြောသည်။

နဂါးမောက်သီးသည် အသားအရေချောမွတ်စိုပြည်ခြင်း၊ အစာချေဖျက်စနစ်နှင့် အစားစားချင်စိတ် ဖြစ်ပေါ်စေနိုင်ခြင်း၊ သွားနှင့်အရိုးကိုခိုင်မာစေခြင်း၊ အဆီများကိုချေဖျက်လျှော့ချပေးခြင်း၊ မျက်လုံးနှင့်ဦးနှောက်မှတ်ဉာဏ်အားကို ကောင်းမွန်စေခြင်း၊ အနာအကျက်မြန်၍ ဒဏ်ရာများကို လျင်မြန်စွာပျောက်ကင်းစေခြင်း အကျိုးများရရှိနိုင်သည်။ ထို့ပြင် ဆီးနှင့်ပတ်သက်သောရောဂါများ၊ သွေးတိုးနှင့် ချောင်းဆိုးရင်ကြပ်၊ အူမကြီးကင်ဆာနှင့် ကိုလက်စထရောများလျော့ကျစေပြီး ရောဂါများကို ကာကွယ်ပေးကြောင်း သိရသည်။

အဆိုပါ နဂါးမောက်သီးများကို မကွေးမြို့ပေါ် သစ်သီးဝလံဈေးကွက်တွင် ဝယ်ယူစားသုံးမှုပမာဏမြင့်တက်လျက်ရှိပြီး နဂါးမောက်သီးတစ်လုံးကို ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ ထိ အရွယ်အစားအလိုက် ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

ကျော်စွာ(မကွေး)

စစ်ကိုင်းတိုင်းဒေသကြီးအလယ်ပိုင်း ဒေသအချို့နှင့် အထက်ပိုင်းတွင် မိုးတစ်ပြေးညီ ကြာမြင့်စွာရွာသွန်း

မုံရွာ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ဟုမ္မလင်း၊ ကလေး၊ ကလေးဝ စသည့်ဒေသများနှင့်အတူ တစ်ချိန်တည်း မုံရွာမြို့တွင် အချိန်ကြာမိုးရွာသွန်းခဲ့ပြီး ချောင်းဦးမြို့၊ မုံရွာမြို့တို့မှစ၍ အထက်ပိုင်း ဟုမ္မလင်းဒေသအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ပဲစင်းငုံစတင်စိုက်ပျိုးနေသော ဒေသများ၏ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

တစ်ကြိမ်တည်း သည်းထန်ကြာမြင့်စွာရွာသွန်းပေးလိုက်သောကြောင့် စိုက်ပျိုးရေအနေဖြင့် ကာလကြာဖူလုံမှုရရှိနေပြီဖြစ်ကြောင်း၊ လယ်ဇင်ကျေးရွာဝန်းကျင်တွင် ပဲစင်းငုံပင်များမှာစတင်စိုက်ပျိုး၍ရေလိုအပ်နေစဉ်ယခုကဲ့သို့ အခွင့်သင့်အချိန်ကိုက်ရွာသွန်းပေးခြင်းမှာ အကျိုးများစွာဖြစ်ထွန်းစေကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဇူလိုင် ၁၅ ရက် ညပိုင်းက နှစ်နာရီကြာ သည်းထန်စွာရွာသွန်းခဲ့သော မိုးသည် ယခုနှစ်တွင် မုံရွာမြို့၌ ပထမဦးဆုံး သည်းထန်စွာရွာသော မိုးအဖြစ် မိုးလေဝသနှင့် ဇလဗေဒဌာနက မှတ်တမ်းတင်ထားသည်။ ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာထားသော ၆၁၄ စင်တီမီတာရှိ ချင်းတွင်းမြစ်ရေသည် မိုးသည်းထန်စွာ ရွာသွန်းခဲ့သော မြစ်အထက်ပိုင်းမှ နှစ်ရက်တာကာလအတွင်း မုံရွာမြို့သို့ ရောက်ရှိလာနိုင်သောကြောင့် တက်နေရာမှ ပြန်ကျသွားသော ချင်းတွင်းမြစ်ရေသည် တစ်ဖန်ပြန်လည်၍ တက်လာနိုင်ဖွယ်ရှိကြောင်း မုံရွာ မိုးလေဝသနှင့် ဇလဗေဒမှ တာဝန်ရှိသူက ခန့်မှန်းထားသည်။

မုံရွာဒေသ ချောင်းဦးနယ်အထိ မိုးသည်းထန်စွာ တစ်ပြေးညီရွာသွန်းခဲ့သော်လည်း ချောင်းဦး၏အနောက်တောင်ဘက်ရှိ မြောင်မြို့နယ် အစပ်တွင် မိုးရွာသွန်းမှု လုံးဝမရှိခဲ့ကြောင်း ဒေသခံ ဦးစိုးမြတ်က ပြောသည်။

ရွာသွန်းခဲ့သော မိုးကြောင့် တစ်စုံတစ်ရာ ပြိုလဲပျက်စီးခြင်းများမရှိခဲ့သလို မီးရထားလမ်းတစ်လျှောက် ရေကျော်မှုနှင့် အခြားဖြစ်ပွားနိုင်သည်များ လုံးဝဖြစ်ပွားခြင်းမရှိခဲ့ဘဲ မော်တော်ကားလမ်းများလည်း အခက်အခဲတစ်စုံတစ်ရာ မရှိခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မန္တလေးတက္ကသိုလ်တွင် ရည်မှန်းချက်ထားအမြဲကြိုးစား စာပေဟောပြောပွဲကျင်းပ

မန္တလေး ဇူလိုင် ၁၈

မန္တလေးတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် စာပေဟောပြောပွဲကို ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီက တက္ကသိုလ်ဝင်းအတွင်းရှိ အင်းဝ(၉) ခန်းမဆောင်တွင် ကျင်းပရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က ရည်မှန်းချက်ထားအမြဲကြိုးစား ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

စာပေဟောပြောပွဲသို့ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ကျွန်းလှမြို့ရှိနေအိမ်အချို့ ရေများဝင်ရောက်ပြီး လမ်းအချို့ရေကျော်

မုံရွာ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့၌ ဇူလိုင် ၁၇ရက် နံနက်မှစ၍ ရွာသွန်းသောမိုးကြောင့် ချောင်းရေများလျှံပြီးရပ်ကွက်အတွင်း နေအိမ်အချို့ ရေများဝင်ရောက်ပြီး မြို့တောင်ဘက် ကန့်ဘလူသွားကားလမ်းပေါ် ရေကျော်၍သွားလာရေးခက်ခဲကြောင်းသိရသည်။

အဆိုပါ ရေများဝင်ရောက်သည့်နေရာများနှင့် ရေကျော်နေရာများသို့ မြို့နယ်အထောက်အကူပြု ကော်မတီများ/ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုကော်မတီများ/ ပြည်သူများပူးပေါင်းပြီးသွားလာရေးလွယ်ကူရန်နှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(တိုင်းမြန်/ဆက်)**

အာဇာနည်နေ့အကြိုဟောပြောပွဲကျင်းပ

ကျောင်းကုန်း ဇူလိုင် ၁၈

(၆၈)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက် မြို့မအခြေခံပညာ မူလတန်းကျောင်းတွင် ဇူလိုင် ၁၇ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆရာမ ဒေါ်ယုယုမော်က "အာဇာနည်နေ့ ဒို့မမေ့" ခေါင်းစဉ်ဖြင့်ဟောပြောပြီး ဆရာမ ဒေါ်ဝေဝေခင်က "အာဇာနည်နေ့ဖြစ်ပေါ်လာပုံ"အကြောင်း ဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၂၆၀ကျော် တက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ၏ရင်ထဲတွင် လွတ်လပ်ရေးဖခင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ထာဝရရှင်သန်နေမည်၊ အားကျစေမည်ဖြစ်ကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ဝင်းကြိုင်(မြန်/ဆက်)

◆

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ပိုးလောက်လမ်းစားငါးများပေးအပ်

ရန်ကုန် ဇူလိုင် ၁၈

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် ပိုးလောက်လမ်းစားငါးပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စောစိန်မင်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို စဉ်ဆက်မပျက်စောင့်ကြည့်ပြီး ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိရာ ပြည်သူမှလည်း မိမိတို့ပတ်ဝန်းကျင်တွင် ခြင်ကျားပိုးလောက်လမ်း မပေါက်ပွားစေရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဖုံးသွန်းလဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိသော ကလေးငယ်များအား ဆေးရုံ၊ဆေးခန်းများသို့ အချိန်မီပို့ဆောင်၍ ဆေးကုသမှုခံယူကြရမည် ဖြစ်ကြောင်း စသည်ဖြင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် ရန်ကုန်တိုင်းဒေသကြီး သစ်တောရေးရာနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ဌာနဆိုင်ရာဖိတ်ကြားထားသူများနှင့် ရပ်ကွက်နေမိဘပြည်သူများတက်ရောက်ခဲ့ပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများက ခြင်ပေါက်ပွားမှု လျော့နည်းစေရန် ရည်ရွယ်၍ လမ်းမှူးများအား ပိုးလောက်လမ်းစားငါးများ ပေးအပ်ခြင်းနှင့် ရပ်ကွက်အတွင်း ကာကွယ်ဆေးခပ်ခြင်း၊ ဆေးဖျန်းခြင်းနှင့် ခြင်ထောင်ဆေးစိမ်ခြင်းများကိုလိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သီသီမင်း)**

ကျေးလက်ရေရရှိရေး ကွင်းဆင်းဆောင်ရွက်

ကြံခင်း ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရှောက်ခုံကျေးရွာအုပ်စုမြင်သာကျေးရွာတွင် လေးလက်မ ပေ ၄၀၀ တွင်းနက်တူး၍ ရေစက်၊ ရေစက်ရုံ၊ ရေကန်ဆောက်လုပ်ခြင်း လုပ်ငန်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၅၈ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေတွင်းတူးရန် မြေနေရာရရှိမှုနှင့် လုပ်ငန်းများပြီးစီးနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကော်မတီမှ တာဝန်ရှိသူတို့သည် ဇူလိုင် ၁၂ ရက်က လုပ်ငန်းဆောင်

ရွက်နိုင်မည့် အခြေအနေတို့အား ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ကျေးလက်ဦးစီး)

ငွေဆောင်ကမ်းခြေ၌ ခရီးသွားများ အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာများစိုက်ထူ

ငွေဆောင် ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေတွင် မိုးရာသီကာလအတွင်း လှိုင်းလေပြင်းထန်သဖြင့် အပန်းဖြေလာရောက်ကြသည့်ခရီးသွားဧည့်သည်များ ရေဆွဲအန္တရာယ်ကြောင့် အသက်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဇူလိုင် ၁၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေအောင်နိုင်နှင့် ဌာနဆိုင်ရာများ၊ ဟိုတယ်ဇုန်မှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံများသည် မြို့အဝင်လမ်းအထက (ငွေဆောင်) ကျောင်းရှေ့၊ Sunny Paradise ဟိုတယ်ဘေးကမ်းခြေဆင်းလမ်း၊ EFR ဟိုတယ်အနောက်ဘက်ခြမ်း၊ ချစ်သူများကျွန်းကမ်းခြေဆင်းလမ်း၊ BOBဟိုတယ်ဘေးကမ်းခြေဆင်းလမ်း စသည့်နေရာများတွင် မိုးရာသီအတွင်း "ရေ(လုံးဝ)မကူးရ အသက်အန္တရာယ်ရှိသည်" (Danger Do not Swim)၊ "ရာသီဥတုဆိုးရွားနေပါသဖြင့် ရေမကူးရန် သတိပေးအပ်ပါသည်" ဟူသော သတိပေးမြေစိုက်ပိုစတာများ စိုက်ထူခဲ့သည်။

စောမျိုးမင်းသိန်း(မြန်/ဆက်)

ကမ်းပါးများထပ်မံမပြိုကျစေရန် အကူအညီလိုအပ်နေ

မတ္တရာ ဇူလိုင် ၁၈

မြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဥဒိန်ကျေးရွာအုပ်စု သမင်ခြံကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ရွာမြောက်ဘက်ရှိ ကိုင်းမြေအရှည် ပေ၃၀၀၀၊အကျယ်ပေ၃၀၀မှာ မြစ်ထဲသို့ ပြိုကျမျောပါခဲ့ပြီးရွာမြေနှင့် ၁၀၂၀ သာကွာဝေးတော့သဖြင့် ဇူလိုင် ၁၃ရက်မှစတင်၍ မြစ်ကမ်းပါးတစ်လျှောက်အား ရွာသူ ရွာသားများ စုပေါင်းကာ သစ်ခက်၊ သဲအိတ်ကြီးများဖြင့် ရေထိန်း/ ရေကာတာ ပြုလုပ်ခဲ့ကြရာ အရှည်ပေ ၉၀၀ ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုလေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းမွေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးမောင်မောင်နှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ သွားရောက်၍ကွင်းဆင်းကြည့်ရှုခဲ့ကြရာ ရွာသူရွာသားများက မိမိတို့ အစီအစဉ်ဖြင့် ပြုလုပ်လျက်ရှိကြောင်း၊ ကျေးရွာစုပေါင်းထည့်ဝင်ငွေဖြင့် ရေကာတာများကိုသစ်ကိုင်းများ၊ သဲအိတ် ၁၅၀၀နှင့်ကြိုးများကိုဝယ်ယူ၍ ပြုလုပ်ခဲ့ကြရာ ငွေကျပ် ခြောက်သိန်းကျော်ကုန်ကျခဲ့သည့်အတွက် လူအင်အားတတ်နိုင်သော်လည်း ငွေအင်အားမတတ်နိုင်တော့ကြောင်း၊ ရွာဦးစေတီနှင့် စာသင်ကျောင်းအား ရေတိုက်စားသွားမည်ကိုစိုးရိမ်သောကြောင့် ယခုလိုရေထိန်း/ ရေကာတာများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ကျန်ရှိသောကမ်းပါးထပ်မံမပြိုကျစေရေးအတွက် နိုင်ငံတော်အစိုးရက ပြုလုပ်ပေးနိုင်ပါရန် ရွာသူရွာသားများက မျှော်လင့်လျက်ရှိကြောင်းဖြင့် ပြောကြားခဲ့သည်။ **ဗိုကျော်သူထွေး(မတ္တရာ)**

ကန့်ဘလူမြို့နယ် ရေကျော်မှုကြောင့် ရဲတပ်ကြပ်တစ်ဦးပျောက်ဆုံးလျက်ရှိ

ကန့်ဘလူ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရဲတပ်ဖွဲ့ ဟင်သော်လှုပ်ရှားရဲကင်းမှ ရဲတပ်ကြပ်မျိုးမင်းဦးနှင့် တပ်သားကျော်မျိုးထွန်းတို့သည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရဲကင်းအပိုင်အတွင်းရှိလမ်း၊ တံတားများ ပျက်စီးမှု ရှိ/ မရှိ၊ ကားလမ်းများကောင်းမွန်မှု ရှိ/ မရှိ လိုက်လံ စစ်ဆေးပြီး အပြန် ရွှေဘို-မြစ်ကြီးနားမဟာဗျူဟာကားလမ်း မိုင်တိုင်အမှတ် (၇၂/ ၂-၃) အကြား ပန်းကုန်းသာတံတားနှင့် ဝါးရုံတံတား အကြားတွင် ကားလမ်းပေါ် ရေကျော်နေ၍ ရဲတပ်ကြပ်မျိုးမင်းဦးနှင့် ရဲတပ်သားကျော်မျိုးထွန်းတို့ လက်တွဲပြီးလမ်း လျှောက်စဉ် ရေစီးသန်သဖြင့် ကားလမ်းဘေးရေမြောင်း သို့ နှစ်ဦးစလုံး ပြုတ်ကျပြီးရေစီးဖြင့် မျောပါသွားခဲ့ရာ ရဲတပ်သားကျော်မျိုးထွန်းမှာရေကူးပြီး ကားလမ်းပေါ် ပြန်လည်ရောက်ရှိလာခဲ့သော်လည်း ရဲတပ်ကြပ်မျိုးမင်းဦး မှာ ရေမြောင်းအတွင်းမှ တစ်ဆင့် ပန်းကုန်းသာချောင်းတွင်း သို့ ဆက်လက်မျောပါသွားကာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဇင်းရဲကင်းစခန်းမှူး ဒုတိယရဲအုပ်မျိုးဝေအဖွဲ့နှင့် ဟင်သော်ရဲကင်းမှူး တပ်ကြပ်ကြီးစိုးညွန့်တို့ ဦးဆောင်ပြီး ဇင်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ဟင်သော်ကျေးရွာမှ ရပ်မိရပ်ဖများဖြင့် ဝိုင်းဝန်းကူညီရှာဖွေလျက်ရှိကြောင်း သိရသည်။

(ဝဲလေး)

တန်ဖိုးကြီးသစ်ဝါးများအစား အပင်ရင့်ထန်းခွဲသားများ အစားထိုးသုံးစွဲမှုများပြားလာ၍ ထန်းသားဈေးနှုန်းမြင့်တက်လာ

ရေနံချောင်း ဇူလိုင် ၁၈

မကွေးတွင် တမာ၊ ထနောင်း၊ မန်ကျည်းနှင့်အပြိုင် အညာမြေဂုဏ်ယူဖွယ်ရာသင်္ကေတဖြစ်သည့် ထန်းပင်၊ထန်းတောကြီးများကို အေးမြစ်မ်းစိုစွာ မြင်တွေ့ရမည်ဖြစ်သည်။ ထန်းသည် ကျေးလက်တောသဘာဝ၏ အလှတရား၊ စာဆိုရှင်တို့၏အနုပညာ၊ကျေးလက်နေပြည်သူတို့၏ တန်ဖိုးထားရာဖြစ်သည်။အသီး၊ အရွက်၊အလက်၊အပင်၊အမြစ်မှစ၍ အသုံးဝင်လှသည်မှာ ထန်းပင်ဖြစ်သည်။

ယခုအခါ ကျေးလက်ဒေသနှင့် မြို့ပေါ် ရပ်ကွက်များတွင် လူနေအိမ်များနှင့် အရောင်းဆိုင်ခန်းများ ဆောက်လုပ်ရာတွင် တန်ဖိုးကြီးသစ်များအစား အပင်ရင့်ထန်းခွဲသားများအား တွင်ကျယ်စွာအသုံးပြုလျက်ရှိပြီး ထန်းခွဲသား ဈေးကွက်အရောင်းအဝယ်ဖြစ်လက်ရှိကြောင်း သိရသည်။

"ပင်ရင့်ထန်းခွဲသားက အခြားသစ်မာအမျိုးအစားတွေထက် ပိုမာကျောပြီး အကြမ်းခံတယ်။ရေမစိုရင် နှစ်ပေါင်းအတော်ကြာတဲ့အထိအောင် ပိုးထိုး ဆွေးမြည့်တာမျိုးမရှိဘူး။ ထန်းသားကို မြို့ပေါ်က စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်နဲ့ ဟိုတယ်တွေမှာ(Country Style)အဖြစ် အသုံးပြုတည်ဆောက်ကြတယ်။ ကျေးရွာတွေမှာတော့ ထန်းကို အိမ်တိုင်၊ထုပ်တန်း၊ လျှောက်တန်းတွေ အတွက် သစ်ဝါးအစားထိုးအသုံးပြုကြတယ်။နှစ်(၇၀) သက်တမ်းရင့်အပင်တွေကို ခုတ်လှဲပြီး အသုံးပြုရတယ်။ ထန်းခွဲသားတစ်တောင်ကို ငွေကျပ် ၆၀၀ ပေးရတယ်။ထန်းရင့်ပြီး ဖျင်တဲ့နေရာ ချောသလောက်ဈေးပိုပေးရတယ်။မြို့ပေါ်က စားသောက်ဆိုင်တွေကလည်း မှာယူအသုံးပြုမှုတွင်ကျယ်လာတော့ ဈေးနှုန်းလည်း နည်းနည်းမြင့်တက်လာတယ်"ဟု ရေနံချောင်းမြို့နယ် နတ်ကန်ဦးကျေးရွာမှ လက်သမားဆရာတစ်ဦးက ပြောသည်။

ထန်းတစ်ပင်ကို ခုတ်လှဲခွဲစိပ်လျှင် အိမ်တိုင်ငါးလုံးနှင့် လေးပေ နှစ်လက်မခေါင်း ခုနစ်ခေါင်းရရှိကြောင်း၊သုံးပင်၊ နှစ်ခန်း နေအိမ်တစ်လုံးဆောက်လျှင် ထန်း ငါးဝင်ခန့် ခုတ်လှဲရကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ ထို့ပြင် မကွေးမြို့အနီးရှိ ထုံးပေါက်တော၊ ကင်း၊အုတ်ဖို၊ ကံပြား၊ဇီးကုန်းနှင့် အနီးဝန်းကျင်ကျေးရွာများတွင်လည်း ထန်းတောများကို ခပ်စိပ်စိပ်တွေ့မြင်ရပြီး ခုတ်လှဲရမည့်သက်ရင့်ပင်များကို ပင်ပြတ်ဈေးနှုန်းအဖြစ် ယခင်က ငွေကျပ် ၁၅၀၀၀ ဝန်းကျင်ရှိရာမှ ယခုအခါ ငွေကျပ် ၂၅၀၀၀ ဝန်းကျင်အထိ ဈေးပေါက်လျက်ရှိကြောင်း သိရသည်။ **ကျော်စွာ(မကွေး)**

သိပ္ပံနည်းကျ စပါးအစေ့ချ စိုက်ပျိုးခြင်းကြောင့် ကုန်ကျစရိတ်သက်သာ

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ခုမ်းသာကျေးရွာ ကွင်းအမှတ် (၁၆၆၂)တွင် တောင်သူများအတွက် ခေတ်မီပြီး ကုန်ကျစရိတ်အနည်းဆုံးဖြစ်သော သိပ္ပံနည်းကျ မိုးစပါးအစေ့ချစိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံရာ ယခင်က လယ်တစ်ဧကလျှင် သီးနှံစိုက်ပျိုးရန် ကုန်ကျစရိတ်ခြောက်သောင်းကျော်ရှိပြီး ယခု သိပ္ပံနည်းကျအစေ့ချစိုက်ပျိုးခြင်းကြောင့် ကျပ်ခြောက်ထောင်သာ ရှိသည့်အတွက် စိုက်ပျိုးစရိတ် များစွာသက်သာပြီး ကောက်စိုက်သမရှားပါးလာမှုကိုလည်း အစားထိုးနိုင်ပြီဖြစ်ကြောင်း ပြောကြားကာ လယ်ကြားမြောင်း တူးဖော်ပေးနိုင်ရေးနှင့် ဓာတ်မြေဩဇာရရှိရေးများကို တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဇမ္ဗူသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးဖြိုးဝေလင်းက သပြေဆောင်များရှိ အဆောင်မှူးများအား ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများနှင့် မဲစာရင်းပါရှိရေး ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားပွဲသို့ တက်ရောက်ခဲ့ပြီး အမျိုးဆောင်ရှိဝန်ထမ်းများ မဲစာရင်းဆိုင်ရာ က်စွရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် သပြေဆောင်များရှိဝန်ထမ်းများနှင့်သွားရောက်တွေ့ဆုံကာ မိုးရာသီအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ချိန္နယ်မှုးရှင်းလင်းဆောင်ရွက်ရေးများအား အဆောင်မြှုပ်ဖြင့် ထိန်းသိမ်းရေးမှ နေပြည်တော်စည်ပင်အိမ်ရာအဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်၊ **(သန့်မောင်)**

အကြီးဆုံးသော စစ်ရေးလေ့ကျင့်မှုပြုလုပ်မည့် အသေးစိတ်အစီအစဉ် နေတိုးထုတ်ပြန်ကြေညာ

ဘရပ်ဆဲလ် ဇူလိုင် ၁၈

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)သည် ၁၃ နှစ်အတွင်း အကြီးဆုံးသော စစ်ရေးလေ့ကျင့်မှုပြုလုပ်မည့် အသေးစိတ် အစီအစဉ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ထရိုင်းဒင့်ဂျန်းချာဟု အမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုသည် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှု အသစ်များပေါ်ထွက်လာနေသော ယနေ့ကာလ၌ နေတိုးအဖွဲ့၏ စစ်ရေးအရ တုံ့ပြန်နိုင်စွမ်းကို စမ်းသပ်ရန် ရည်ရွယ်ကြောင်း နေတိုးတာဝန်ရှိသူများက ပြောကြားကြသည်။

ရုရှားနိုင်ငံက ခရိုင်းမီးယားဒေသကို ယင်း၏နယ်မြေအတွင်းသို့ သွတ်သွင်းခဲ့ခြင်း၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကမြောက်ပိုင်းဒေသတို့၌ အစ္စလာမ့်စ်နိုင်ငံတော်ကဲ့သို့သော အစွန်းရောက်အဖွဲ့အစည်းများ ခေါင်းထောင်လာခြင်းတို့ကို ရည်ညွှန်းလျက် နေတိုးတာဝန်ရှိသူများက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

နေတိုးအဖွဲ့၏ အကြီးဆုံးသော စစ်ရေးလေ့ကျင့်မှုကို အီတလီ၊ စပိန်၊ ပေါ်တူဂီနိုင်ငံတို့တွင်လည်းကောင်း၊ ယင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသော ရေပြင်၊ လေဟင်းတို့တွင်လည်းကောင်း အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ပြုလုပ်မည်ဖြစ်သည်။ **ပီတီအိုင်။**

အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်၌ ကုန်တင်ယာဉ် ဗုံးဖောက်ခွဲမှုဖြစ်ပွား၍ ၁၂၅ ဦး သေဆုံး

ဘာကူဗာ(အီရတ်) ဇူလိုင် ၁၈

အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်၏ မြို့တော် ဘာကူဗာအနီးတွင် ဇူလိုင် ၁၇ ရက်က ကုန်တင်ယာဉ်တစ်စီးကို အသုံးပြု၍ ဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၂၅ ဦး သေဆုံးပြီး ၁၃၃ ဦး ထိခိုက်ဒဏ်ရာရကြောင်း ပြည်နယ်လုံခြုံရေး တာဝန်ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားကြသည်။

သွေးထွက်သံယိုမှုအများဆုံး ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်။ ကုန်တင်ယာဉ်တစ်စီးပေါ် ဗုံးများတင်ဆောင်လာခဲ့ပြီးနောက် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုပမာဏကြီးမားစွာဖြစ်ပေါ်ရန် ပေါက်ကွဲနိုင်သော ပစ္စည်းအလေးချိန် လေးတန်မှ ငါးတန်အထိ အသုံးပြုခဲ့ခြင်းဖြစ်သည်။

စည်ကားသည့် ဈေးတစ်ဈေးကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက် အရှေ့မြောက်ဘက် ၆၅ မိုင်အကွာ ဘာကူဗာအနီး ခန်ဘာနီဆတ်မြို့ငယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အမည်မဖော်သူ လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံးသူ ၁၂၅ ဦးရှိပြီး ၁၃၃ ဦးမှာ ထိခိုက်ဒဏ်ရာရရှိကာ ၂၃ ဦးမှာ ပျောက်ဆုံးလျက်ရှိသည်။ ယင်းဖောက်ခွဲမှုကြီးကြောင့် ဈေးဆိုင်ခန်းပေါင်း ၃၅ ခန်းမှာ မြေပြင်၌ ပြားပြားဝပ်ပြိုကျခဲ့ပြီး ဆိုင်ခန်း ၄၀ ခန့်မှာ ဆိုးရွားစွာ ပျက်စီးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

ဗုံးဖောက်ခွဲမှုကြောင့် အရပ်ဘက်သုံးယာဉ် ၄၅ စီးခန့် မီးလောင်ကျွမ်းခံရပြီး အခြားဒါဇင်နှင့်ချီသော ယာဉ်များမှာလည်း ပျက်စီးသွားကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများ၏ ကိုယ်ခန္ဓာများမှာ မီးလောင်တူးချစ်သွားခြင်း သို့မဟုတ် အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်ခြင်းနှင့် ကြုံတွေ့ရကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

အိန္ဒိယ၌ ဘူတာရုံ ၄၀၀ ခန့် ခေတ်မီစေရေး ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုခွင့်ပြု

နယူးဒေလီ ဇူလိုင် ၁၈

အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ဘူတာရုံပေါင်း ၄၀၀ ခန့် ခေတ်မီတိုးတက်စေရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုကို အစိုးရအဖွဲ့က ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ထို့စဉ်အတွင်း အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ အဝေးပြေးလမ်းတစ်လမ်းကို ဟာရာနာပြည်နယ်မှ ဥတ္တာပရာဒေ့ရှ်ပြည်နယ်သို့ တိုးချဲ့ဆောက်လုပ်မည့် စီမံကိန်းတစ်ရပ်ကိုလည်း အစိုးရအဖွဲ့က ခွင့်ပြုလိုက်ပြီဖြစ်သည်။ မြို့တော်နယူးဒေလီကိုရှောင်ကွင်း၍ အဝေးပြေးလမ်းတိုးချဲ့ဖောက်လုပ်ခြင်းဖြင့် မြို့တော်၌ လေထုညစ်ညမ်းမှု သက်သာစေမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

အိန္ဒိယနိုင်ငံရှိ ဘူတာရုံများကို အဆင့်မြှင့်တင်ရာတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုပေးမည်ဖြစ်သည်။ အဆင့်မြှင့်တင်ထားသည့်ဘူတာရုံများတွင် စီးပွားရေးလုပ်ငန်းများ၊ ကုန်ပဒေသာ ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ဝိုင်ဖိုင်အင်တာနက်ဆက်ကြောင်း အသုံးပြုနိုင်သည့် ခရီးသည်များနားနေဆောင်များ တည်ရှိလာမည်ဖြစ်ကြောင်း အိန္ဒိယ စံတော်ချိန်အမည်ရှိ သတင်းစာတွင် ရေးသားဖော်ပြသည်။

အဆင့်မြှင့် ဘူတာရုံများ၌ ဇိမ်ခံဟိုတယ်များ၊ မော်တော်ယာဉ်ရပ်နားရာနေရာများ၊ ဆိုက်ရောက်ခန်းမများနှင့် ထွက်ခွာခန်းမများကိုလည်း တည်ဆောက်ရန် ခွင့်ပြုပေးမည်ဆို၏။ ဘူတာရုံအဆင့်မြှင့်တင်ရေး စီမံကိန်းများ၌ ပါဝင် ဆောင်ရွက်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဈေးပြိုင်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူသွားမည်ဟု အစိုးရက ထုတ်ပြန်ကြေညာထားသည်။ **ဆင်ဟွာ။**

မူးယစ်ရာဇာ ဂူဇ်မန်းလိုရာ ထောင်ဖောက်ပြေးမှုတွင် သံသယဖြစ်ဖွယ်ဝန်ထမ်းခုနစ်ဦးအား မက္ကဆီကို ဖမ်းဆီး

မက္ကဆီကိုစီးတီး ဇူလိုင် ၁၈

မူးယစ်ရာဇာ ဂျိုအာကွင်း အယ်လ်ချာပိုဂူဇ်မန်းလိုရာ ထောင်ဖောက်ထွက်ပြေးမှုတွင် သံသယဖြစ်ဖွယ်ပါဝင်မှုများဖြင့် ပြည်သူ့ဝန်ထမ်းခုနစ်ဦးအား ဖမ်းဆီးခဲ့ကြောင်း မက္ကဆီကို ရှေ့နေချုပ်ရုံးက ပြောကြားသည်။

အဆိုပါ ပြည်သူ့ဝန်ထမ်းခုနစ်ဦးအား မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ဂွာနာဂျူအာတိုပြည်နယ်ရှိ လူမှုရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးဗဟိုဌာန အမှတ်(၁၂)သို့ ပို့ဆောင်ခဲ့ကြောင်း ယင်းရှေ့နေချုပ်ရုံးကဆိုသည်။ ၎င်းတို့အား မည်သည့်စွဲချက်များဖြင့် ဖမ်းဆီးထားသည် သို့မဟုတ် ဂူဇ်မန်းလိုရာ လွတ်မြောက်မှုတွင် ၎င်းတို့မည်သို့ ပါဝင်ခဲ့သည်ကိုမူ ရှင်းလင်းစွာမသိရသေးပေ။ သို့သော် ၎င်းတို့သည် စက်မှုထွန်းကားရာ နိုင်ငံအလယ်ပိုင်း မက္ကဆီကိုပြည်နယ်မြို့တော် တိုလူကာရှိ ခရိုင်တရားရုံးတွင် လာရောက်အစစ်ဆေးခံရမည်ဖြစ်သည်။

စုံစမ်းစစ်ဆေးမှုကို ဆက်လက်ဆောင်ရွက်နေပြီး ဇူလိုင် ၁၁ ရက်တွင် ဖြစ်ပွားခဲ့သည့် မူးယစ်ရာဇာထောင်ဖောက်မှုတွင် ဝါဝင်ပတ်သက်ခဲ့သူ မည်သူ့ကိုမဆို တရားစွဲဆိုမည် ဖြစ်သည်။ ထောင်ဖောက်ထွက်ပြေးမှုဖြစ်ပွားချိန်ကတည်းက အစိုးရတာဝန်ရှိသူများက ဂူဇ်မန်းလိုရာ၏ တိုက်ပိတ်အခန်းမှ ဥမင်လိုဏ်ခေါင်းတူး၍ ထွက်ပြေးလွတ်မြောက်ရေးအတွက် အကူအညီပေးခဲ့သူများအပေါ် အပြစ်ပုံချခဲ့သည်။

ယခုအကြိမ်မှာ လုံခြုံရေးတင်းကျပ်ထားသော အကျဉ်းထောင်တစ်ခုမှ ဂူဇ်မန်းလိုရာ၏ ဒုတိယအကြိမ်မြောက် ထောင်ဖောက်ထွင်းထွက်ပြေးမှုဖြစ်သည်။ သူ၏ ပထမအကြိမ် ထောင်ဖောက်ပြေးမှုမှာ ၂၀၀၁ ခုနှစ်ကဖြစ်ပြီး ၎င်းအား ၂၀၁၄ ခုနှစ်တွင် ပြန်လည်ဖမ်းဆီးမိခဲ့သည်။ အမည်ဆိုးဖြင့်ကျော်ကြားသော မက္ကဆီကို မူးယစ်ရာဇာ ဂူဇ်မန်းလိုရာအား လွှဲပြောင်းပေးရန် အမေရိကန်အစိုးရက မကြာသေးမီက တောင်းဆိုထားကြောင်း သိရသည်။ **ဆင်ဟွာ။**

မူးယစ်ရာဇာထွက်ပြေးသွားသည့် သူ၏ တိုက်ပိတ်အခန်းမှ ဥမင်လိုဏ်ခေါင်းကို ရဲအရာရှိများက စစ်ဆေးစဉ်။

စစ်ပွဲဇုန်များသို့ သွားရောက်ရန်ကြိုးပမ်းသည့် အစွန်းရောက်သမား ၅၅၀ ကျော်အား တရုတ်ဖမ်းဆီး

ပေကျင်း ဇူလိုင် ၁၈

တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ နယ်ခြားဒေသကို ဖြတ်သန်းကာ ပင်လယ်ရပ်ခြားဒေသများရှိ စစ်ပွဲဇုန်များသို့ သွားရောက်ရန် ကြိုးပမ်းသည့် အစွန်းရောက်သမား ၅၅၃ ဦးကို တရုတ်အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း၊ ယင်းတို့အနက် အများစုမှာ ဆီးရီးယားနိုင်ငံအတွင်းရှိ အစ္စလာမ္မစ် နိုင်ငံထူထောင်ရေးအဖွဲ့ (အိုက်အက်စ်)နှင့် ပူးပေါင်းရန် ကြိုးပမ်းခဲ့သူများဖြစ်ကြောင်း၊ ယင်းဖမ်းဆီးထိန်းသိမ်းမှုများကို ၂၀၁၄ ခုနှစ်မှစ၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်အစိုးရတာဝန်ရှိသူများက ဇူလိုင် ၁၇ ရက်တွင် ပြောကြားသည်။

ယခုနှစ်ဇွန်လ အခြေပြစာရင်းအရ တရုတ်ရဲတပ်ဖွဲ့က လူ ၃၅ ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့မှာ တရုတ်နိုင်ငံ နယ်နိမိတ်ကို တရားမဝင်ဖြတ်ကျော်၍ ဆီးရီးယားနိုင်ငံသို့ သွားရောက်ကာ လက်နက်ကိုင် တိုက်ခိုက်မှုများ၌ ပါဝင်ဆင်နွှဲရန် ကြိုးပမ်းသူများဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်အတွင်း တရုတ်ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် အကြမ်းဖက်သမားလေးဦးသေဆုံးခဲ့ကြောင်း ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဌာန အကြီးအကဲ ဒုတိယအကြီးအကဲ တောင်ဂျာလုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တရုတ်ရဲတပ်ဖွဲ့အနေဖြင့် အရှယ်မရောက်သေးသူ ၂၁၇ ဦးကို ကယ်တင်ပေးခဲ့ပြီး အစွန်းရောက်သမားများ ခရီးသွားလာရာတွင် အကူအညီပေးခဲ့သူ ယာဉ်မောင်း ၁၆၁ ဦးကို ဖမ်းဆီးခဲ့သည်။

ယမန်နှစ် ဧပြီလနှင့် ယခုနှစ် ဇန်နဝါရီလ အကြားတွင် တရုတ်ရဲတပ်ဖွဲ့အနေဖြင့် နယ်စပ်ဒေသလေးခုတွင် တရားမဝင် နယ်စပ်ဖြတ်ကျော်မှုပေါင်း ၂၆၀ ကျော်ကို စစ်ဆေးတွေ့ရှိခဲ့သည်။ နယ်စပ်ဒေသများအား ဖြတ်ကျော်ရန် စီစဉ်ဆောင်ရွက်သူ ၃၅၀ ကျော်ကို ဖမ်းဆီးရမိခဲ့သည်။ ယင်းဖြစ်စဉ်တွင် တရုတ်နိုင်ငံ နယ်စပ်အားဖြတ်ကျော်ပြီး အခြားနိုင်ငံသို့ ဝင်ရောက်ရန် ကြိုးပမ်းသူ ၈၅၂ ဦးကို ဖမ်းဆီးရမိကြောင်း ပြည်သူ့လုံခြုံရေးရာဌာန၏ ပြောကြားချက်ကို ကိုးကား၍ ချိုင်းနားဒေလီ သတင်းစာတွင် ဖော်ပြသည်။ **ပီတီအိုင်။**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် မိုးရာသီ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၇ ရက် ညနေပိုင်းက ကျင်းပသည်။

ဘာသာရပ်အလိုက် ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်းပါဝင် ယှဉ်ပြိုင်ကြရာ ဗိုလ်လုပွဲတွင် တတိယနှစ် သိပ္ပံ(ဘီ) အသင်းနှင့် (စီ)အသင်းတို့ ယှဉ်ပြိုင်ကြရာ (ဘီ)အသင်းမှလေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပထမဒိုင်းဆုကို တတိယနှစ် သိပ္ပံ(ဘီ)အသင်းကလည်းကောင်း၊ ဒုတိယဆုကို တတိယနှစ် သိပ္ပံ(စီ) အသင်းက လည်းကောင်း၊ တတိယဆုကို အင်ဂျင်နီယာ(ဘီ)အသင်းက လည်းကောင်း အသီးသီးရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ပထမဒိုင်းဆုရရှိသော တတိယနှစ် သိပ္ပံ(ဘီ) အသင်းအား ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့်ကလည်းကောင်း၊ ဒုတိယဆုအား ညွှန်ကြားရေးမှူး(စီမံ) က လည်းကောင်း၊ တတိယဆုကို ဌာနမှူး (စာပေ)ကလည်းကောင်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဆုများချီးမြှင့်ရာ အကောင်းဆုံး ဘောလုံးသမားဆုရရှိသူ မောင်ဇော်ထူးနိုင်အား ပါမောက္ခ ဒေါ်တင်မာလာကလည်းကောင်း၊ နောက်တန်းအကောင်းဆုံးဆုရရှိသူ စောအောင်ကိုကိုအား ဒုတိယကျောင်းအုပ်ကြီးဦးကျော်ဇံလှက လည်းကောင်း၊ အလယ်တန်းအကောင်းဆုံးဆုရရှိသူ ကျော်စိုးလင်းအား ဦးကျော်ဆွေက လည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးဆုရရှိသူ ဇင်ကိုကိုဝင်းအား ဦးဇော်ထူးမောင်က လည်းကောင်း၊ ပွဲစဉ်တစ်လျှောက်ခုနစ် ဂိုးသွင်းနိုင်ပြီး ဂိုးသွင်းအများဆုံးဆု ရရှိသော ဝင်းမျိုးထက်အား ဦးဝင်းနိုင်မှ ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) မိုးရာသီဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ စတင်ကျင်းပခဲ့ကြောင်းသိရသည်။

ကိုကြီးစိုး(ဆိပ်ကမ်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အသက်(၂၀)အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

မြစ်ကြီးနား ဇူလိုင် ၁၈

မြစ်ကြီးနားမြို့နယ်အုပ်ချုပ်ရေးမှူးဖလားအသက်(၂၀)အောက် ရပ်ကွက်/ကျေးရွာပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၆ ရက် ညနေ ၃ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ မြို့သစ်ကြီးရပ်ကွက်(က)အသင်းနှင့် နောင်နန်းရပ်ကွက်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြရာ မြို့သစ်ကြီးရပ်ကွက်(က)အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံးအလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆု၊ အကောင်းဆုံးဘောလုံးသမားဆုနှင့် အသန့်ရှင်းဆုံးဆုရအသင်းများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ကြရာ ကစားသမားများနှင့် အသင်းအုပ်ချုပ်သူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ဒုတိယဆုရရှိသည့် နောင်နန်းရပ်ကွက်အသင်းအား ဆုတံဆိပ်ဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလိုင်းမောင်မောင်က ပွဲစဉ်တစ်လျှောက်ကူညီဆောင်ရွက်ပေးခဲ့သော ဒိုင်လူကြီးများအားအမှတ်တရ ဂုဏ်ပြုလက်ဆောင်နှင့် ပထမဆုဖလားရရှိသော မြို့သစ်ကြီးရပ်ကွက်(က) အသင်းအား ဆုတံဆိပ်၊ ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြောင်းသိရသည်။

စိန်ဝင်း(iprd)

သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲများ ကျင်းပ

သန်လျင် ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့တွင် အားကစားဝန်ကြီးဌာန၏ TSDP အစီအစဉ်အရ သန်လျင်မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဦးစီးဌာနဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ ဝိုက်ကျော်ခြင်း၊ ကျောင်းပေါင်းစုံ အမျိုးသားဘောလုံး၊ ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက သန်လျင်မြို့ သီဟဒီပ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်က အမှာစကားပြောကြား၍ ပြိုင်ပွဲများကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ကာယလေ့ကျင့်ခန်းများ၊ တိုက်ကွမ်ဒိုနှင့် ကာယဗလအလှများ သရုပ်ပြကာ ပြိုင်ပွဲကို စတင်ကြောင်း သိရသည်။

တင်မောင်ငွေ(သန်လျင်)

❑

ကွင်းလယ်ကစားသမားပေါ့ဘာအား ရောင်းချမည်မဟုတ်ကြောင်း ဂျူဗင်တပ်ပြောကြား

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ပြင်သစ်ကွင်းလယ်ကစားသမားပေါ့ဘာအား စပိန်လာလီဂါကလပ်ဘာစီလိုနာအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသော်လည်း ဂျူဗင်တပ်အသင်းကမူ ရောင်းချမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ပေါ့ဘာကို ဘာစီလိုနာအသင်းအပြင် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် မန်စီးတီးအသင်း၊ ချယ်လ်ဆီးအသင်းတို့ကလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာသည် ယခင်က မန်ယူအသင်းတွင် ကစားခဲ့သူဖြစ်ပြီး လက်ရှိတွင် ဂျူဗင်တပ်အသင်း၌ ၂၀၁၉ ခုနှစ်အထိ ဆက်ရှိနေမည့်စာချုပ်တစ်ရပ် ချုပ်ဆိုထားကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ကွင်းလယ်ကစားသမား ပေါ့ဘာကို ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့သော်လည်း ဂျူဗင်တပ်အသင်းအနေဖြင့် ငြင်းဆိုခဲ့ကြောင်း သိရသည်။ ကွင်းလယ်ကစားသမား ပေါ့ဘာ၏ ဂျူဗင်တပ်ကစားသမားဖော် ဗီဒယ်သည်လည်း ဘွန်ဒက်လီဂါ ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်းသိရသည်။

(ငွေကြယ်)

အက်စတွန်ဗီလာအသင်းခေါင်းဆောင် ဖာဘီယန်ဒဲလ်အား မန်စီးတီးခေါ်ယူ

အက်စတွန်ဗီလာအသင်းခေါင်းဆောင် ဖာဘီယန်ဒဲလ်သည် အက်စတွန်ဗီလာအသင်း၌ ဆက်ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း လက်ရှိတွင်မူ မန်စီးတီးအသင်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် အင်္ဂလန်ကွင်းလယ်ကစားသမား ဒဲလ်အား ပြောင်းရွှေ့ကြေးပေါင်ရှစ်သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ခြင်းဖြစ်ပြီး လာမည့်ဇန်နဝါရီလတွင် လေးနှစ်ခွဲသက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုသွားမည်ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒဲလ်သည် လက်ရှိတွင်လည်း အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက ပြောကြားခဲ့သည်။ ကွင်းလယ်ကစားသမား ဒဲလ်သည် ဇူလိုင် ၁၇ ရက်က မန်စီးတီးအသင်းနှင့် ကျန်းမာရေးဆိုင်ရာဆေးစစ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုသီတင်းပတ်အကုန်တွင် မန်စီးတီးအသင်းနှင့်အတူ ရာသီအကြိုပွဲစဉ်များတွင် ပါဝင်ကစားမည်ဖြစ်ကြောင်းလည်း သိရသည်။

ကွင်းလယ်ကစားသမား ဒဲလ်သည် လက်ရှိနယူးယောက်စီးတီးအသင်းတွင် ကစားလျက်ရှိသည့် ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်းတွင် အငှားလာရောက်ကစားစဉ်ဝတ်ဆင်ခဲ့သည့် ကျောနံပါတ် ၁၈ အကျႌကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်းလည်း သိရသည်။

ကွင်းလယ်ကစားသမား ဒဲလ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အက်စတွန်ဗီလာအသင်းအား ပရီမီယာလိဂ်တွင် တန်းတင်ကျန်စေရေးအတွက် အကောင်းဆုံးပါဝင်ကစားပေးနိုင်ခဲ့သည့်ကစားသမားတစ်ဦးလည်းဖြစ်သည်။ ပြီးခဲ့သည့်ဘောလုံးရာသီက လိဂ်ပွဲပေါင်း ၂၈ ပွဲပါဝင်ကစားပေးခဲ့ပြီး အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲတွင်လည်း အစီက ကစားသမားအဖြစ် ပါဝင်ကစားပေးနိုင်ခဲ့သည်။

အင်္ဂလန်လက်ရွေးစင်အသင်းတွင်မူ ပြီးခဲ့သည့်ဘောလုံးရာသီက အင်္ဂလန်အသင်းနှင့် နော်ဝေအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ပွဲပေါင်းခြောက်ပွဲပါဝင်ကစားပေးခဲ့သည်။

နိုင်လင်းကြည်

ချယ်လ်ဆီးကို ယှဉ်နိုင်ရန် ကစားသမားလေးဦးထက်မနည်း ခေါ်ယူရန် အာဆင်နယ်လိုအပ်

အာဆင်နယ်အသင်း၏ တိုက်စစ်မှူးဟောင်း တယ်ရီဟင်နရီသည် ပရီမီယာလိဂ်ဖလားရယူနိုင်ရေးအတွက် ချယ်လ်ဆီးအသင်းကို ယှဉ်နိုင်ရန်မှာ ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်လေးဦးထက်မနည်း ခေါ်ယူရန်လိုအပ်နေကြောင်း အာဆင်နယ်အသင်းအား ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်အဆင့်(၃)နေရာတွင် ရပ်တည်ခဲ့သည့်အသင်းဖြစ်ပြီး ရာသီတစ်လျှောက်အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ခဲ့သော်လည်း လက်ရှိချန်ပီယံချယ်လ်ဆီးအသင်းနှင့် ၁၂ မှတ်အကွာတွင်သာ ရပ်တည်နိုင်ခဲ့သည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ပထမဆုံးကစားသမားခေါ်ယူမှုအဖြစ် ချယ်လ်ဆီးဂိုးသမား ပီတာဆက်ဖ်ကို ခေါ်ယူခဲ့သော်လည်း ပရီမီယာလိဂ်ဖလားရယူနိုင်ရေးအတွက်မူ နောက်ထပ်ကစားသမားသစ်များ ထပ်မံခေါ်ယူရဦးမည်ဖြစ်ကြောင်း တယ်ရီဟင်နရီက ပြောကြားခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် တိုက်စစ်ပိုင်းကို အားဖြည့်ရန် ရီးယဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဘင်ဇီမာအား ခေါ်ယူရန် ပစ်မှတ်ထားလုက်ရှိကြောင်း သိရသည်။

ငွေကြယ်

ဘောလုံးလောကသတင်းတိုများ

- ➢ မန်ယူအသင်းသည် ဘာစီလိုနာတိုက်စစ်မှူး ပက်ဒရိုအား ပြောင်းရွှေ့ကြေးပေါင် ၂၂ သန်းဖြင့် ခေါ်ယူစာချုပ်ရန် စီစဉ်လျက်ရှိပြီး ချယ်လ်ဆီးအသင်းကလည်း အဆိုပါ တိုက်စစ်မှူးကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- ➢ ***အဲဗာတန်အသင်းနည်းပြ မာတီနက်ဇ်သည် မန်ယူနောက်ခံလူ အီဗန်အား ခေါ်ယူစာချုပ်ရန် ဆန္ဒရှိနေသည်ဆိုသည့်သတင်းများအား ငြင်းပယ်ခဲ့သည့်အပြင် မန်ယူအသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည့် အဲဗာတန်ကစားသမား မက်ကာသီအား ရောင်းချသွားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။***
- ➢ ဘုန်းမောက်အသင်းသည် ဖူလ်ဟမ်အသင်းမှ အသက်(၃၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား စကော့ပါကာအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- ➢ ***ပရီမီယာလိဂ်လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် အန်ဒါလက်ချ်အသင်းမှ ဆားဘီးယားတိုက်စစ်မှူး မီထရိုဗစ်အား ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းဖြင့် ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။***

မွန်ပြည်နယ်တွင် တရားမဝင် လက်နက်ခဲယမ်းနှင့် လိုင်စင်မဲ့ကားများသိမ်းဆည်းရမိ

မော်လမြိုင် ဇူလိုင် ၁၈

ကျိုက်မရောမြို့နယ် ကျွန်းရွာကျေးရွာ အနောက်စုရပ်ရှိ အောင်မင်းဦး(ခ) နိုင်သီဟ နေအိမ်တွင် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တရားမဝင် လက်နက်ခဲယမ်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်၊

အဆိုပါနေအိမ်အား ဝင်ရောက်စစ်ဆေးရာ အောင်မင်းဦး(ခ)နိုင်သီဟ (၂၉)နှစ်နှင့်အတူ ဖြိုးဝေအောင်(ခ)ငပိန်(၁၉နှစ်)၊ ရဲရင့်အောင်(ခ)ကိုကို (၂၅နှစ်)နှင့် ခိုင်ဦး (ခ)အစွန်း(၂၆နှစ်) တို့အားတွေ့ရှိပြီး Smith & Wesson စတီးအနက်ရောင် ဒသမ ၃၈ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ကိုးမမ ကျည်ဖြင့် ပစ်ခတ်ရသော လက်လုပ်ပစ္စတို တစ်လက်၊ လူဂါ ကိုးမမပစ္စတို တစ်လက်နှင့် ၎င်းကျည်အိမ်တစ်ခု၊ ဒသမ၃၈ ကျည် ခြောက်တောင့်၊ကိုးမမကျည် ရှစ်တောင့်၊ JBGF ICOM စကားပြောစက် တစ်လုံး၊ ၁၂ ဘို့ကျည်ထည့်သည့် အစိမ်းရောင်ခါးပတ်တစ်ခု၊ သေနတ်အတိုထည့်သည့် အနက်ရောင်အိတ် နှစ်လုံးနှင့် (၁၂)ဘို့ရိုင်ဖယ်တန်ပြောင်းရှည် တစ်လက်၊ ၎င်းကျည်တောင့် ၁၈ တောင့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ယင်းနောက် နေအိမ်ရှေ့လမ်းပေါ်တွင်ရပ်ထားသည့် လိုင်စင်မဲ့ Mark-II Blit နှင့် Honda Fit မော်တော်ယာဉ်နှစ်စီးတို့အားသိမ်းဆည်းခဲ့ပြီး အောင်မင်းဦး(ခ)နိုင်သီဟပါ လေးဦးအား မုဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဆက်နေမင်းအောင်)

နိုင်ငံကူးလက်မှတ်အတု ကိုင်ဆောင်သူအား အရေးယူ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာ့လေကြောင်းခရီးစဉ်အမှတ် 8M-502 ဖြင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်လာသည့် ခရီးသွားအမျိုးသားတစ်ဦးက နိုင်ငံကူးလက်မှတ် အတုပြုလုပ်ကိုင်ဆောင်၍ ဝင်ရောက်လာသည်ကို ဇူလိုင် ၁၃ရက် ညနေပိုင်းက စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြန်မာ့လေကြောင်းခရီးစဉ်မှ 8M-502 ခရီးစဉ်ဖြင့် မလေးရှားနိုင်ငံမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါလာသူ စောဖားခလေး(၃၀)နှစ် နေဝိစာရေးရွာ တစ်တောင်းဘိုးအုပ်စု ဘားအံမြို့နေသူသည် နိုင်ငံကူးလက်မှတ်အတုပြုလုပ်ကိုင်ဆောင်၍ ဝင်ရောက်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် မင်္ဂလာဒုံမြို့နယ် မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းထက်ပိုင် (လှိုင်သာယာ)

ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုင်ငံတော်၏ သစ်တောသယံဇာတများကို ပြည်သူလူထုအကျိုးအတွက် စနစ်တကျစီမံအုပ်ချုပ်လျက် ရှိနေသကဲ့သို့ ဝိသမလောဘသားများ၏ တရားမဝင်သစ်ခိုးထုတ်ယူမှုနှင့် သယ်ဆောင်မှုများအား အခြားသော ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ လည်းကောင်း၊ အများပြည်သူများ၏ သတင်းပေးပူးပေါင်းပါဝင်မှုဖြင့်လည်းကောင်း အရှိန်အဟုန်မြှင့် ဖမ်းဆီးဖော်ထုတ်အရေးယူလျက်ရှိသည်။

ဇူလိုင် ၁၀ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်း-ဖဒိုကျွန်းကုန်းလမ်း မိုင်တိုင် (၂/၆) အနီးတွင် တရားမဝင် ကျွန်းခွဲသား ငါးချောင်းနှင့်မော်တော်ဆိုင်ကယ် တစ်စီး၊ ဇူလိုင် ၁၂ ရက်က မြို့ချောင်း-မင်းလှ-စိန်ကန့်လန့် လမ်းတစ်လျှောက် နေရာများမှ တရားမဝင် ကျွန်းခွဲသား ၁၃၇ ချောင်း၊ သစ်မာ ၅၁ ချောင်း၊ အခြားသစ်ခွဲသား ၁၅၁ ချောင်းနှင့် မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ အနီးမှ တရားမဝင်ကျွန်းသစ် ၃၉ လုံးတို့ကို ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း၊ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၄)ရပ်ကွက်အတွင်းမှ တရားမဝင် ကျွန်းတံခါးရွက် ဆိုက်စုံ ၄၆ ရွက်နှင့် ပျဉ်းကတိုးခွဲသား အချောင်း ၃၀ နှင့် လူတစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ဇူလိုင် ၁၃ ရက်က တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးပြင်ကာကွယ်တော အတွင်းမှ ကျွန်းသစ် ၁၀ လုံး၊ ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တော(XIII)အတွင်းမှ ပျဉ်းကတိုးသစ်ရှစ်လုံးအား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ သာယာဝတီမြို့နယ် ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်(၇၁/၁) လမ်းဘေးနေရာမှ ကျွန်းတံခါးရွက်နှင့် ဆက်စပ်ပစ္စည်း ကျွန်းခွဲသား ၆၂၇ ချောင်း၊ ယာဉ်တစ်စီးနှင့် တရားခံတစ်ဦးအား လည်းကောင်း၊ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မြို့ချောင်း-မင်းလှ-စိန်ကန့်လန့်လမ်း ရဲနွယ်ကြိုးဝိုင်း(၇၁)နှင့် ခြောက်ဇာမရိ ကြိုးဝိုင်း လက်ပံတန်းမြို့နယ်အတွင်းမှ ကျွန်းခွဲသား ၁၆ ချောင်း၊ ကညင်ခွဲသား ၅၈ ချောင်း၊ပျဉ်းကတိုးခွဲသား ၃၆ ချောင်း၊ ပဲခူးမြို့နယ် ထန်းတောကြီးဘီနယ် နတ်စက်ကျေးရွာအောက်ဘက် ပဲခူးချောင်းအတွင်းမှ ကွန်းတိုင် ငါးလုံး၊ ပျဉ်းမသစ် လေးလုံး၊ မျောက်ငိုသစ် နှစ်လုံး၊ သစ်ဖြူသစ် နှစ်လုံးတို့အား ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇူလိုင် ၁၄ ရက်က တောင်ငူခရိုင် ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်လမ်း (၂၈/၅)မိုင် ရိုးမကြိုးပြင်ကာကွယ်တော(XVII) အတွင်းမှ ကျွန်းခွဲသား ဆိုက်စုံ ၁၅ ချောင်းနှင့် မစ်ဆူဘီရှီပါဂျဲရိုး7B/--- တစ်စီး၊ ကျွန်းခွဲသားဆိုက်စုံ ၁၄ ချောင်းနှင့် တိုယိုတာပရာဒို 7B/--တစ်စီးအား ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ် မြို့မ(၄)ဘီနယ် နာဂဝန်လမ်းဆုံ ပဲခူး-ရန်ကုန်လမ်း မိုင်တိုင်အမှတ်(၄၆/၂)အနီးမှ တညင်ခွဲသား အချောင်း ၄၀၊ ကောင်းမှုခွဲသား ၁၇ ချောင်း၊ ယာဉ်တစ်စီးနှင့်လူနှစ်ဦးအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကျောက်မှော်(၂) ဘီနယ်ချင်းတွင်းမြစ် အတွင်းနေရာမှ ကျွန်းသစ် ၃၅ လုံးအား ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

လှိုင်လင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၅Z၀၀ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၈

မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်၊ မူးယစ်တပ်ဖွဲ့စု (၁၀၃)နေပြည်တော်နှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက်က လှိုင်လင်မြို့နယ် လှိုင်လင်-နမ့်စန်သွားကားလမ်း ပန်ခေါက်ဝိုးကျေးရွာ ဘုန်းကြီးကျောင်းရှေ့တွင် နမ့်စန်ဘက်မှ လှိုင်လင်ဘက်သို့ ထွက်ခွာလာသော ထိုင်းစာတန်း VIGO ခဲရောင်တစ်ခန်းခွဲယာဉ်ကို ရပ်တန့်ရှာဖွေစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ မိုင်းပွန်မြို့ ရပ်ကွက်(၄) ရောင်ခြည်ဦးစားသောက်ဆိုင်ရှေ့၌ မော်တော်ယာဉ်အား ယာဉ်မောင်း သန်းထွန်းလေး၊ ချစ်ဦးနှင့် မြင့်အောင်တို့ သုံးဦးနှင့်အတူ ဖမ်းဆီးရမိပြီး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။

သန်းထွန်းလေး(ခ) အစူး၊ မြင့်အောင် (ခ) အပြားနှင့် ချစ်ဦး (ခ) အဆားဖတို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်၊

စစ်ဆေးဖော်ထုတ်ချက်အရ ချီခမ်းကျေးရွာ နတ်စင်အနီး လမ်းဘေးချုံပုတ်အတွင်း ၎င်းတို့ လွှင့်ပစ်ခဲ့သော ကြွပ်ကြွပ်အိတ်ထစ်လုံးကို တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၅၈၀၀ ထပ်မံသိမ်းဆည်းရမိသဖြင့် သန်းထွန်းလေး (ခ) အစူး (၂၇) နှစ်၊ မြင့်အောင် (ခ) အပြား (၃၃) နှစ်နှင့် ချစ်ဦး (ခ) အဆားဖ (၃၇) နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

ဆိုင်ကယ်ဖြင့် လုယက်သူများကိုဖမ်းဆီးစစ်ဆေးရာမှ လုယက်မှုများ ထပ်မံပေါ်ပေါက်

ရန်ကုန် ဇူလိုင် ၁၈

လှိုင်သာယာမြို့နယ်နေ ဒေါ်မြင့်မြင့်ဆွေသည် ရွှေလင်ပန်းစက်မှုဇုန်တွင် အလုပ်အတူလုပ်ကိုင်သူနှင့်အတူ မေ ၃၀ ရက် ညနေပိုင်းက ဆိုင်ကယ်ဖြင့် ဦးထွန်းညိုလမ်းအတိုင်း စက်ရုံသို့ပြန်လာခဲ့ရာ ဦးထွန်းညိုလမ်းနှင့် မောင်သန်းလမ်းထောင့် အရောက်၌ ဆိုင်ကယ်ဆီပြတ်သွားသဖြင့် တွန်းလာစဉ် အနောက်ဘက်မှ လူငယ်သုံးဦး မောင်းနှင်လာသောဆိုင်ကယ်သည် ၎င်းတို့၏အနားအရောက် အလယ်မှစီးနင်းလာသောလူငယ်က ဒေါ်မြင့်မြင့်ဆွေ၏ လည်ပင်းတွင် ဆွဲထားသောအလေးချိန် တစ်ကျပ်သားခန့်ရှိ ဆွဲကြိုးအားလုယူသွားခဲ့သဖြင့် ၎င်းမှ ပြန်ဆွဲယူစဉ် ဆွဲကြိုးတစ်ပိုင်းမှာလုယူသူထံပါသွားခဲ့၍ ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းခံခဲ့ရာ ကူညီဝိုင်းဝန်းဖမ်းဆီးပေးခဲ့၍ လူငယ်သုံးဦးအနက် တစ်ဦးအားဖမ်းဆီးရမိခဲ့သည်။ ကျန်နှစ်ဦးမှာဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ပြီး လှိုင်သာယာ မြို့မရဲစခန်းက ထွက်ပြေးသွားသူနှစ်ဦးအား ဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသူ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ နွားကြီး(ခ)ပြည့်ဖြိုးအောင်အားစစ်ဆေးရာ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ပြီးထွက်ပြေးသွားသူနှစ်ဦးမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူများဖြစ်သည့် ငယ်ချစ်ကို(ခ)ကျော်လေး(၂၃)နှစ်နှင့် ဆင်ပေါက်(ခ)စွမ်းရည်ထက်(၂၃)နှစ်တို့ဖြစ်ကြောင်း သိရပြီး ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂ ရက်မွန်းလွဲပိုင်းက သန်လျင်မြို့နယ် ကုလားဝဲတံတားပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့သုံးဦးအား ထပ်မံစစ်ဆေးခဲ့ရာ ပြီးခဲ့သည့် မေလအတွင်းက သာကေတမြို့နယ် ရှုခင်းသာလမ်းမပေါ်တွင် လမ်းလျှောက်နေသူအမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးအား လည်းကောင်း၊ ဇွန်လအတွင်းက ရှုခင်းသာလမ်းပေါ်၌ လမ်းလျှောက်နေသူအမျိုးသမီး ထစ်ဦးထံမှ ရွှေဆွဲကြိုးအားလည်းကောင်း၊ စက်ဘီးစီးလာသူအမျိုးသမီးထံမှ ရွှေဆွဲကြိုးအားလည်းကောင်း၊ မရမ်းကုန်းမြို့နယ် နဝဒေးရပ်ရှင်ရုံအနီး ကမ္ဘာအေးစေတီလမ်းမပေါ်တွင် လမ်းလျှောက်နေသူအမျိုးသမီးထံမှ ရွှေဆွဲကြိုးအား လည်းကောင်း လုယူခဲ့ကြကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းပြီး အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း)

ဓာတ်ဆီလှယ်ထည့်စဉ် ဖိတ်ကျသည့် ဆီများအား မီးဖိုမီးဟပ်သဖြင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဇူလိုင် ၁၈

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မော်စီစာကျေးရွာ အေးရိပ်သာရပ်ကွက်နေ မစောသန်းနု(ခ) မကြီး(၃၅)နှစ်သည် နေအိမ်ဈေးဆိုင်တွင် ဇူလိုင် ၁၆ ရက် ညနေပိုင်းက ပလတ်စတစ်ဓာတ်ဆီပုံးအတွင်းမှ ဓာတ်ဆီများအား သံဂါလန်ခွက်အတွင်းသို့လှယ်ထည့်စဉ် ဖိတ်ကျသည့်ဓာတ်ဆီများအား နေအိမ်အတွင်းရှိ မီးဖိုမီးဟပ်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် မစောသန်းနု(ခ)မကြီးမှာ မီးလောင်သေဆုံးခဲ့ပြီး ၁၀ ပေပတ်လည်သွပ်မိုး၊ ထရံကာနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)
jynaxmipvwawmon þ0ya'u jy|me;vuon/

tce;(1)
trn

၁။ ဤဥပဒေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

tce;(2)
Epp0 jynaxmip\ b@mait&to;qi&m 0ya'lur;Ei aemuxyb@mai ca0o;pa&; 0ya'lur;wu pppjci;

၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

၃။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာကော်မတီများသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ တင်ပြရမည်။

၄။ (က) ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ကတင်ပြသော နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြီး ငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ်၏ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။
(ခ) ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြီး ဥပဒေဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။
(ဂ) ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ တင်ပြချက်များနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလို ဆောင်ရွက်ရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာကော်မတီများသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ တင်ပြရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို စိစစ်ပြီး ငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ်၏ နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။
(ခ) ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို စိစစ်ပြီး ဥပဒေဆိုင်ရာသုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။
(ဂ) ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ တင်ပြချက်များနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလိုဆောင်ရွက်ရမည်။

tce;(3)
Epp0jynaxmip\ b@mait&to;qi&m 0ya'lur;Eitw y;wy|&&rntc:ur&; y;wwijy&rn pm&upmwr;r&;

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရာတွင် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အကျဉ်းချုပ်ဇယားများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်၊
(ခ) ဘဏ္ဍာရေးဝန်ကြီး၏ ရှင်းလင်းတင်ပြချက်တွင် အောက်ပါအချက်များပါဝင်ရမည်-
(၁) နှစ်လတ်ဘဏ္ဍာရေး လျာထားချက်၊
(၂) ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒ၊
(၃) မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်၊
(၄) နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းသည့် ပြည့်စုံသော ရှင်းလင်းဖော်ပြချက်များ၊
(၅) ဘဏ္ဍာရေးဝန်ကြီး၏ ယခင်နှစ် ရှင်းလင်းတင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊
(၆) ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ၊
(၇) နိုင်ငံတော်၏ ကြွေးမြီအရပ်ရပ် အခြေအနေတင်ပြချက်၊
(ဂ) ပြည်သူများ လွယ်ကူရှင်းလင်းစွာ သိရှိစေနိုင်သည့် ဘတ်ဂျက်ဆိုင်ရာ အနှစ်ချုပ် ဖော်ပြချက်၊
(ဃ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ကုန်သွယ်မှုအရှုံးအမြတ်စာရင်းများနှင့် ဘဏ္ဍာရေးအခြေအနေ ဖော်ပြချက်။

Epvwb@ma&;vaxmc:u

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်တင်ပြရာတွင် ယမန်နှစ်၏ ရှေ့ပြေးအမှန်၊ လက်ရှိနှစ်၏ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း၊ တင်ပြသည့် ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်း၊ ရှေ့လာမည့် နှစ်နှစ်အတွက် မျှော်မှန်းချက်စာရင်းများကို လက်ရှိနှစ်၏ ဈေးကွက်ဈေးနှုန်းများဖြင့် အောက်ပါအချက်များ ပါဝင်စေလျက် ဖော်ပြရမည်-
(က) ရငွေ၊
(ခ) သုံးငွေ၊
(ဂ) ဘတ်ဂျက်လိုငွေ၊
(ဃ) လိုငွေကိုဖြည့်ဆည်းခြင်း၊
(င) ကြွေးမြီလျာထားချက်။

၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေး လျာထားချက်ကို ရှင်းလင်းတင်ပြရာတွင် ဝင်ငွေခန့်မှန်းချက်၊ အခြေခံလျာထား အသုံးစာရင်းရရှိသည့် ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းအစီအစဉ်သစ်များအတွက် လိုအပ်သော အသုံးစရိတ်နှင့် ထပ်မံလိုအပ်ငွေကို ဖြည့်ဆည်းခြင်းတို့ကို ဖော်ပြရမည်။

b@ma&;r [mAd [mr0j'

၁၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒနှင့်စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-
(က) ဘဏ္ဍာရေးမူဝါဒနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊
(ခ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးမူဝါဒနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အသေးစိတ်ဖော်ပြရမည်-
(၁) အခွန်ဆိုင်ရာမူဝါဒ၊
(၂) အသုံးစရိတ်မူဝါဒ၊
(၃) ချေးယူခြင်း၊ ထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် သက်ဆိုင်သော မူဝါဒ။
(ဂ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် ဦးစားပေးမှုအစီအစဉ်များ၊
(ဃ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် လျာထားချက်များ၊
(င) မူဝါဒနှင့်စပ်လျဉ်း၍ သုံးသပ်ချက်၊
(စ) အခြားလိုအပ်ချက်များ။

ruc½ p;ym;a&;tajctaeazmjyc:u

၁၂။ နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်နှင့် စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -
(က) စီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊
(ခ) ဂျီဒီပီ(GDP)တိုးတက်မှုနှုန်း၊
(ဂ) ပို့ကုန်၊ သွင်းကုန်၊ အရန်ငွေကြေး၊ ကုန်သွယ်မှု လိုငွေ ပိုငွေ၊
(ဃ) ငွေကြေး၊ ဘဏ်စနစ်နှင့် အရင်းအနှီးဈေးကွက်၊
(င) ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ၊
(စ) မက်ခရိုစီးပွားရေးအခြေအနေ အလားအလာများ။

tce;(4)
Epp0jynaxmip\b@mai t&to;qi&m0ya'lur; jy|pjci;

၁၃။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သောကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေရေးဆွဲပြဋ္ဌာန်းပြီးမှ သုံးစွဲဆောင်ရွက်ရမည်။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ဖြည့်စွက်ရန်ပုံငွေ လိုအပ်ချက်ရှိပါက နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၅။ ပြည်ပချေးငွေနှင့် ပြည်ပထောက်ပံ့ငွေများကို ဝန်ကြီးဌာနအလိုက် ဖော်ပြရမည်၊

၁၆။ နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရေးဆွဲဖော်ပြရာတွင် လာမည့်နှစ်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လျာထားသည့် ထောက်ပံ့ငွေနှင့်ချေးငွေများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကြိုတင်သိရှိနိုင်ရန် ဖော်ပြထည့်သွင်းလျာထားရမည်။

၁၇။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ပြည်ပမှ ငွေချေးယူခြင်းအတွက် နိုင်ငံတော်ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည့်အပြင် ထိုကဲ့သို့ အာမခံထားငွေ စုစုပေါင်းကို နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်ပြရာတွင် ထည့်သွင်းဖော်ပြရမည်။

tce;(5)
tp&icpm wi:o|;jci;

၁၈။ ဘဏ္ဍာရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ဝက်အစီရင်ခံစာကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ အောက်တိုဘာလအတွင်းတွင် ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကိုယ်စားဘဏ္ဍာရေး ဝန်ကြီးက တင်ပြရမည်။

၁၉။ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးက တင်ပြရမည်၊

tce;(6)
taxax|

၂၀။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-
(က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

zpn;ytajcc0ya'qi&ay'r 106 y'rc(*)Ei y'r 107 wt& þ0ya'u xwjyeon/

ရေလျှံမှုကင်းဝေးစေရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်း/တံတားမှ မြို့နယ်များအလိုက် ရေကြီးရေလျှံမှုများကင်းဝေးစေရန် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်က အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ မြေအောက်မြောင်းပိတ်ဆို့၍ရေလျှံနေသဖြင့် စက်ယန္တရားများ အသုံးပြုကာရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

"ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံး ရှေ့နဲ့ Petro K စက်သုံးဆီအရောင်းဆိုင်အနီး ကြက်လျှာစွန်းထောင့်မှာ မကြာမကြာရေလျှံလေ့ရှိတာကို စက်တွေနဲ့ဖွင့်ထုတ်ရှင်းလင်းပြီးရင် မြေအောက်မြောင်းဖုံးတွေနဲ့ စနစ်တကျလုပ်ပေးမှာပါ"ဟု တာဝန်ခံအင်ဂျင်နီယာဌာနစုမှူး ဦးနေကြည်ဦးက ပြောသည်။ မြေအောက်မြောင်းများမှာ Man Hole ပေါက်သေးသေးလေးမှာ ရှင်းရမလွယ်ကူ၍ မြောင်းတစ်လျှောက်ဖွင့်ပြီး ပိတ်ဆို့နေမှုများအား ဆယ်ယူရှင်းလင်းမှသာ ရေစီးရေလာကောင်းမွန်စေမည်ဖြစ်ကြောင်း သိရသည်။ (၁၉၇)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကန့်ဘလူ ကျေးရွာအချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီး ရေကျော်မှုများ ဖြစ်ပွား

ကန့်ဘလူ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ဆပ်ပြာချောင်း ရေတိုက်စားမှုကြောင့် မလယ်-ဇီးကုန်း မိုင်တိုင်အမှတ် (၁/၆) ရှိ တံတားအရှည် ၁၀ ပေခန့်ရှိ ကွန်ကရစ် အမျိုးအစား တံတားအမှတ် ၄/၁ တံတားချဉ်းကပ်မြေပြိုကျမှု ဖြစ်ပွားခဲ့ရာ မလယ်စခန်းမှူး ရဲအုပ်နေကျော်နှင့်အဖွဲ့၊ မလယ် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းထွန်းတို့သည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုခဲ့သည်။

ဇူလိုင် ၁၅ရက်နှင့်၁၆ ရက်များက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကန့်ဘလူမြို့နယ် ဇော်ချောင်းဘူတာနှင့် ကဲကြီးဘူတာအကြား မိုင်တိုင်အမှတ်(၅၂၀/၄) နှင့်(၅၂၀/၂၀)ကြားတွင် မိုးရေတစ်ပေခန့် စီးရထားသံလမ်းပေါ် ရေကျော်နေသောကြောင့် မန္တလေးမှလာသော အမှတ် (၅၅) အဆန်လူစီး အမြန်ရထားနှင့် အမှတ် (၄၅) အဆန်လူစီး ကောလင်းရထားတို့သည် ချပ်သင်းဘူတာတွင်လည်းကောင်း၊ အမှတ် (၃၉) အဆန်လူစီး မိုးညှင်းရထားနှင့် အမှတ် (၄၃) အဆန် ကုန်ရထားတို့သည် ချပ်ကြီးဘူတာတွင် လည်းကောင်း၊ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီမှစ၍ ရပ်တန့်ထားရသဖြင့် ချပ်ကြီးဘူတာတွင် ရဲတပ်ကြပ်မြင့်နိုင်နှင့်အဖွဲ့၊ ချပ်သင်းဘူတာတွင် ရဲအုပ်လှိုင်ဝင်းအောင် အဖွဲ့တို့က ခရီးသွားပြည်သူများအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသည်။

ကောလင်း - ကျွန်းလှ- ကန့်ဘလူ နတလလမ်း ကောလင်းမြို့နယ်နှင့် ကန့်ဘလူမြို့နယ်အစပ်ရှိ ဒေါင်းမြူးချောင်း တံတားတောင်ဘက် ကန့်ဘလူမြို့နယ်အတွင်း မိုင်တိုင်အမှတ် (၃၄) နှင့် (၃၅) အကြား ကားလမ်းပေါ်တွင် လေးပေခန့် ရေကျော်လျက်ရှိသောကြောင့် ယာဉ်များသွားလာ၍ မရကြောင်းနှင့် ကောလင်း - ကျွန်းလှ- ကန့်ဘလူ နတလလမ်း မိုင်တိုင်အမှတ် (၂၄/၃-၄) အကြား ကိုးတောင်ဘို့ကျေးရွာနှင့် သင်တောကျေးရွာအကြားရှိ ဇော်ချောင်းတံတား၏ မြောက်ဘက်ကပ်လျက် မြေသားလမ်း၏ အရှေ့ဘက်ခြမ်းတွင် အကျယ် ၁၀ ပေခန့်၊ အရှည်ပေ ၂၀ ခန့် ရေတိုက်စားခဲ့၍ ယာဉ်များသွားလာ၍မရကြောင်း သိရသည်။

ကောလင်း- ကျွန်းလှ- ကန့်ဘလူ နတလလမ်း မိုင်တိုင်အမှတ် (၄ / ၂-၃) အကြား ချောင်းခြားကျေးရွာနှင့် ပေကုန်း(တ) ကျေးရွာအကြားရှိ ချောင်းခြားရေမှာ အနက် ၁၃ ပေခန့် ရှိသဖြင့် ယာဉ်များသွားလာ၍ မရကြောင်း သိရသည်။ (ဝဲလေး)

ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာသုံးထင်းစိုက်ခင်းအား ကြည့်ရှုစစ်ဆေး

ငါန်းဇွန် ဇူလိုင် ၁၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးဦးသန်းဌေးနှင့် မြင်းခြံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိန်တို့သည် ငါန်းဇွန်မြို့နယ်ရှိ ၂၀၁၅ ခုနှစ် မိုးရာသီတွင် ဒေသခံပြည်သူများ၏ သစ်၊ တိုင်၊ မျောနှင့် ထင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ရည်ရွယ်ပြီး တည်ထောင်စိုက်ပျိုးထားသည့် ကျေးရွာသုံးထင်းစိုက်ခင်း ၂၅ ဧကအား ဇူလိုင် ၁၆ ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစိုက်ခင်းတွင် ယူကလစ်ပင်၄၅၀၀၊ တမာပင် ၂၀၀၀ နှင့် ကုက္ကိုပင် ၁၀၀၀၊ စုစုပေါင်း အပင် ၇၅၀၀ တို့ စိုက်ပျိုးထားပြီး ငါးနှစ်ပြည့်ပါက မင်းကြီးကြပ်ကျေးရွာအုပ်စု ဖောင်းကတောကျေးရွာသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စိုက်ခင်းအတွင်း တည်ထောင်ထားသည့် နန်းတားဆည်အား ကြည့်ရှုစစ်ဆေးရာ နန်းတားဆည်သည် လျှို၊ မြောင်များတွင် ရေတိုက်စားမှု လျော့နည်းသက်သာစေရန်၊ စိုက်ခင်းအတွင်း အစိုဓာတ်ရရှိစေရန် ရည်ရွယ်၍ တည်ဆောက်ထားခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း သိရသည်။

စိုက်ခင်းစစ်ဆေးရာသို့ ငါန်းဇွန်မြို့နယ် အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဗိုလ်တင်လင်းနှင့် တာဝန်ရှိဝန်ထမ်းများ လိုက်ပါဆောင်ရွက်ကြသည်။

သက်နောင်ဦး(ငါန်းဇွန်)

အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား မီနီမာရသွန်ပြိုင်ပွဲ နှင့် ဆုချီးမြှင့်ပွဲကျင်းပ

မြိတ် ဇူလိုင် ၁၈

အားကစားကဏ္ဍတိုးတက်မြင့်မားလာစေရေးအတွက် တစ်နိုင်ငံလုံးတွင် အားကစားပြိုင်ပွဲများကျင်းပလျက်ရှိရာ မြိတ်မြို့တွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၆ နာရီက မြို့မအားကစားကွင်းရှေ့တွင် ကျင်းပခဲ့ရာ အမျိုးသား ၆၃ ဦး အမျိုးသမီး ၃၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီး ပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သစ်တောသတ္တုဝန်ကြီး ဦးတင်စိုးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့သည်။ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို မြို့မအားကစားကွင်းရှေ့မှ ကန်ဖျား၊ မြေနီလမ်း၊ လေဆိပ်လမ်း၊ စမ်းချောင်းလမ်းကြေးလမ်းဆုံအထိ ၎င်းမှ မြို့အားကစားကွင်းအထိ ပြန်လည် ပြေးခဲ့ကြပြီး မြို့မ အားကစားကွင်းတွင် ပန်းဝင်ခဲ့ကြရာ တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသားမီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တောသတ္တုဝန်ကြီး ဦးတင်စိုးကလည်းကောင်း၊ အမျိုးသမီးမီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး နှစ်သိမ့်ဆုရရှိသော ပြိုင်ပွဲဝင်များအား မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နိုင်ထူး(မြိတ်ခရိုင် ပြန်/ဆက်)

ကမ်းပါးပြို၍ နေအိမ်များရွှေ့ပြောင်းနေထိုင်သည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

မတ္တရာ ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဥဒိန်ကျေးရွာအုပ်စု၊ သူဌေးကုန်းကျေးရွာမြေများအအား ၂၀၁၅ ခုနှစ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးများပြိုကျသဖြင့် ပြောင်းရွှေ့နေထိုင်ကြသည့် အိမ်ထောင်စု ၂၂ စုကို ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် မတ္တရာမြို့မှ လုပ်ငန်းရှင်များ စုပေါင်းထောက်ပံ့လှူဒါန်းသည့် ငွေကျပ် ၁၁၀၀၀၀၀ကို အိမ်ထောင်စုတစ်စုလျှင် (၅၀၀၀၀)ကျပ်နှုန်းဖြင့် ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီက မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကိုလေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်ဆွေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးမောင်မောင်နှင့် မြို့နယ်စေတနာ့လူမှုဝန်ထမ်းအရာရှိ ဦးကျော်ညွှန့်တို့က အဆိုပါကျေးရွာသို့ သွားရောက်၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

စိုးကျော်သူထွေး(မတ္တရာ)

၂၀၁၅ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်း မြင်းမူမြို့၌ ဖွင့်လှစ်

မြင်းမူ ဇူလိုင် ၁၈

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို ဇူလိုင် ၁၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲထွဋ်က ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရွေးကောက်ပွဲကြီး ကျင်းပရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အသိပေး ကြေညာထားပြီးဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် အမျိုးသားရေး တာဝန်ကျေပွန်ရန်အတွက် ဆန္ဒမဲပေးကြရန်လိုကြောင်း၊ အဆိုပါ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ရပ်ကွက်၊ ကျေးရွာများအလိုက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို ပို့ချဆွေးနွေးရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးက ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်(မြင်းမူမြို့နယ်တာဝန်ခံ) ဦးသိန်းထွန်းက ဆန္ဒမဲပေးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်များအကြောင်းကိုလည်းကောင်း ပို့ချဆွေးနွေးခဲ့ကြသည်။

ယင်းနောက် စစ်ကိုင်းခရိုင် ရွေးကောက်ပွဲအရာရှိ ဦးဇော်နောင်လတ်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့် လေ့လာစောင့်ကြည့်သူများ၊ နိုင်ငံရေးပါတီများ၏ ကျင့်ဝတ်များအကြောင်းကို ပို့ချဆွေးနွေးပြီး မဲရုံအတွင်း ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များအား ဗီဒီယိုပြကွက်များဖြင့် ပြသပေးခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြရာ စစ်ကိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် (မြင်းမူမြို့နယ်တာဝန်ခံ) ဦးသိန်းထွန်း၊ ခရိုင်ရွေးကောက်ပွဲ အရာရှိ ဦးဇော်နောင်လတ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းသို့ မြင်းမူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ မိုးဓါး

မိုဘိုင်းစာကြည့်တိုက် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲပြုလုပ်

မိုးနဲ ဇူလိုင် ၁၈

ကျေးလက်နေပြည်သူများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အထောက်အကူပြု၍ စာဖတ်ရှိန်မြှင့်တင်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုးနဲမြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေနှင့် ရုံးဝန်ထမ်းများသည် ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက နောင်မြိုင်းကျေးရွာအုပ်စု နောင်ခမ်းကျေးရွာ အမကကျောင်းတွင် မိုဘိုင်းစာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် မိုးရာသီတွင်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ ကျန်းမာရေး အသိပညာပေးမှုများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲအပြီးတွင် ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြဘုတ်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်နှင့် စာပေရေချမ်းစင် စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကံမမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်

ကံမ ဇူလိုင် ၁၈

သရက်ခရိုင် ကံမမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများအနက်မှ ကျွန်းကလေးကျေးရွာတွင် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများသည် မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည် ဖော်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့်ရရှိမည့် အကျိုးကျေးဇူးများ စသည့်စီမံကိန်းဆိုင်ရာ အချက်အလက်များကို မိတ်ဆက်ရှင်းလင်းပွဲပြုလုပ်ပြီး ကျေးရွာအဆင့် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီအားအများသဘောဆန္ဒကိုရယူ၍ ဖွဲ့စည်းပေးခဲ့သည်။

မြစိမ်းရောင် ကျေးရွာစီမံကိန်းသည် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်ရင်းနှီးလည်ပတ်ငွေကျပ်သိန်း ၃၀၀ ကို နိုင်ငံတော်မှ ထောက်ပံ့ပေးပြီး ၎င်းရင်းနှီးငွေဖြင့် မွေးမြူရေး၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း စီမံကိန်းဝင် ကျေးရွာ ၁၂ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ကျော်ဇေယျဝင်း(Iprd)

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပညာပေးဟောပြော

ရေစကြို ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနကပြုလုပ်သော စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ရေစကြိုမြို့ ကုန်စည်ဒိုင်အသင်းရုံးတွင် ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဟောပြောပွဲတွင် ရေစကြိုမြို့နယ် ကုန်စည်ဒိုင်အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းဦးက ထုတ်လုပ်သူ၊ စားသုံးသူများ လိုက်နာရမည့် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာများ ပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ တက်ရောက်သူများက မရှင်းလင်းသည်များကို မေးမြန်းရာဦးစီးမှူး ဦးသန်းဦးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

မြို့နယ်ပြန်/ဆက်

တစ်ပတ်အတွင်း နိုင်ငံတကာသတင်းသုံးသပ်ချက်

မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ် များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို မြှင့်သိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)

များလည်းစွဲသာ ရှည်လည်းလျှောက်သာ

သံခင်းတမန်ခင်း နည်းဗျူဟာ

ခ ကိုရင်ဖြူ

အဏုမြူဗုံး ထုတ်လုပ်ခြင်းမပြုပါဟူ၍ အီရန်နိုင်ငံက အာမခံထားသော သဘောတူညီချက်သည် သမိုင်းဝင် သဘောတူညီချက်တစ်ရပ်ဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် သိဒ္ဓိပေးစွမ်းမည့် နျူကလီယစွမ်းအင်ကို စစ်ရေး ရည်မှန်းချက်အလို့ငှာ တလွဲအသုံးမပြုနိုင်ရေးအတွက် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့၏ ထထကြွကြွ ကြိုးပမ်းအားထုတ်မှုများမှာ ယာလည်းညက်၊ ကြက်လည်းပန်း အနေအထားသို့ ရောက်ရှိခဲ့လေပြီ။

အဏုမြူလက်နက် ထုတ်လုပ်ခြင်း မရှိစေရန် ကမ္ဘာ့နိုင်ငံများက အီရန်နိုင်ငံအား ထိန်းချုပ်ကန့်သတ်နိုင်မည်ဖြစ်ကာ တစ်စုံတစ်ရာချိုးဖောက်မှုရှိပါက ဆိုးရွားလှသည့် အကျိုးသက်ရောက်မှုများနှင့် ယင်းနိုင်ငံ တွေ့ကြုံရလိမ့်မည်ဟု အမေရိကန်သမ္မတ အိုဘားမားက ပွင့်ပွင့်လင်းလင်း ပြောခဲ့လေသည်။

နှစ်ဦးနှစ်ဘက် အပေးအယူ အလျှော့အတင်းပြုလုပ်ခဲ့ကြပြီးနောက် သမိုင်းဝင် နျူကလီးယား သဘောတူညီချက်တစ်ရပ်ကို ဇူလိုင် ၁၄ ရက်က ရရှိခဲ့ကြသည်။ အမေရိကန်နှင့် အနောက်အုပ်စု နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ တရုတ်နှင့် အီရန်နိုင်ငံတို့သည် ကျားမြီးဆွဲမိသလို ဆယ်စုနှစ် တစ်စုကျော်မှ သံတမန်ရေးအရ ခက်ခက်ခဲခဲ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးနောက် အီရန်နိုင်ငံ နျူကလီးယားအစီအစဉ်နှင့် သက်ဆိုင်နေသည့် သဘောတူညီချက်ကို ရရှိခဲ့ကြခြင်း ဖြစ်သည်၊

တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလေပြီဟူ၍ ဥရောပသမဂ္ဂက ညွှန်းဆိုခဲ့ပြီး အမေရိကန် သမ္မတအတွက်ရော၊ အီရန်သမ္မတအတွက်ပါ အရေးပါသော နိုင်ငံရေးအောင်ပွဲဟူ၍ ချီးကျူးပြောဆိုသံများ ပေါ်ထွက်လာခဲ့လေသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော အမေရိကန် ပြည်ထောင်စု၊ ပြင်သစ်၊ ဗြိတိန်၊ တရုတ်၊ ရုရှားနှင့် ဂျာမနီ (P5-1) တို့သည် အီရန်နိုင်ငံနှင့် သဘောတူညီချက် ရရှိခဲ့လေပြီးနောက် ရှေ့လုပ်ငန်းစဉ်တစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မဆိုင်းမတွ အတည်ပြုချမှတ်နိုင်ရေး ဆက်လက် ကြိုးပမ်းသွားမည်ဟု ဆိုသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ပေါ်ထွက်လာသည့်အခါ ဆက်လက်ဆောင်ရွက်ဖွယ်ရာ ရှိသည်များအတွက် ဥရောပသမဂ္ဂ (အီးယူ)က အချိန်မဆိုင်းဘဲ အတည်ပြုပေးလိမ့်မည်ဟု မျှော်လင့်ရသည်။ အီးယူနိုင်ငံခြားရေး ဝန်ကြီးများသည် ဇူလိုင် ၂၀ ရက်တွင် ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆယ်မြို့၌ ကောင်စီအစည်းအဝေးတစ်ရပ်ကို ကျင်းပကာ သဘောတူညီမှု ရယူမည်ဖြစ်သည်။

ထိုစဉ်အတွင်း အမေရိကန်သမ္မတ အိုဘားမားက ကွန်ဂရက်လွှတ်တော်၌ သုံးသပ်လေ့လာနိုင်ရန် အဆိုပြုချက်တင်သွင်းမည်ဖြစ်သည်။ ရီပတ်ဘလေကန် ထိန်းချုပ်သော ကွန်ဂရက်က ရှေ့လုပ်ငန်းအစီအစဉ်ကို အဆုံးအဖြတ်ပေးရန် ရက်ပေါင်း ၆၀ (တစ်နည်း စက်တင်ဘာလအထိ) အချိန် ရရှိမည်ဖြစ်ပြီး နှစ်ဘက်စလုံးက အကြိတ်အနယ် ဆွေးနွေးငြင်းခုံကြရဖွယ်ရှိနေသည်။

အီရန်နိုင်ငံအပေါ် အရေးယူဒဏ်ခတ်ထားမှုကို မည်သည့်အတိုင်းအတာအထိ ဖြေလျှော့ပေးသင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ အမေရိကန် ဥပဒေပြုအမတ်များ လွန်ဆွဲကြပေလိမ့်မည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ရရှိခဲ့သောသဘောတူညီချက်နှင့် ပတ်သက်၍ အီရန် အမျိုးသားလုံခြုံရေးကောင်စီ ဦးဆောင်အဖွဲ့က ဦးစွာအတည်ပြုပေးရန် လိုအပ်သည်။ အဆိုပါ ဦးဆောင်အဖွဲ့သည် မဟာနာယကကြီး အယာတိုလာအလီခါမေနီအား သံတော်ဦးတင်လိမ့်မည်။

နျူကလီးယား သဘောတူညီချက်၏ ဗိသုကာနှစ်ဦးမှာ အီရန်သမ္မတ ဟာဆန်ရူဟာနီနှင့် နိုင်ငံခြားရေးဝန်ကြီး ယေဗက်ဇာရစ်ဖ်တို့ဖြစ်ကြလေသည်။

ဦးဆောင်အဖွဲ့ အတည်ပြုပြီးလျှင် ပါလီမန်က အတည်ပြုပေးရပေဦးမည်။ ခါမေနီ၏ အလိုဆန္ဒနှင့်အညီ ဥပဒေပြုအမတ်များ ရပ်တည်ကြဖွယ်ရှိသည်။

အီရန်နိုင်ငံအနေဖြင့် သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် လေးလခန့်မျှ အချိန်ယူရမည်ဟု ဝန်ကြီးဇာရစ်ဖ်က ဆိုသည်။

နျူကလီးယားဆိုင်ရာ အစီအစဉ်များအား အီရန်က တိတိကျကျ လိုက်နာခဲ့ခြင်း ရှိ၊ မရှိ သုံးသပ်သည့် အစီရင်ခံစာတစ်ရပ်ကို ကုလသမဂ္ဂ အဏုမြူစောင့်ကြည့်အဖွဲ့ဖြစ်သော နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)က ထုတ်ပြန်ပေးမည်ဖြစ်သည်။ အီရန်အပေါ် နိုင်ငံတကာက ဒဏ်ခတ်မှုများ ဖြေလျှော့ရေးတွင် အိုင်အေအီးအေ၏ အတည်ပြုချက်မှာ အထူးပင် အရေးကြီးပေလိမ့်မည်။

အီရန်သည် ယင်း၏ အာမခံမှုများကို လေးစားမည်ဆိုပါက အီးယူ၊ ကုလသမဂ္ဂနှင့် အမေရိကန်တို့က ဒဏ်ခတ်အရေးယူမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့ပေးလာလိမ့်မည်။ အီရန်နိုင်ငံအပေါ် လက်နက်ပိတ်ပင်မှု အမိန့်ကိုလည်း ကုလသမဂ္ဂက ရုပ်သိမ်းပေးမည်ဖြစ်သည်။

အီရန်၏ နျူကလီးယား လှုပ်ရှားမှုများသည် ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် ကိုက်ညီသည်ဟု အိုင်အေအီးအေက ဆုံးဖြတ်ပါက အီးယူနှင့် အမေရိကန်တို့က ဒဏ်ခတ်အရေးယူမှု အရပ်ရပ်ကို အဆုံးသတ်ပေးမည်ဆို၏။

ဒဏ်ခတ်အရေးယူခံရမှု ကင်းပျောက်ပြီဆိုလျှင် အနောက်နိုင်ငံများသို့ အီရန်က ရေနံတင်ပို့နိုင်မည်ဟု ယူဆရပြီး ရေနံဈေး ကျဆင်းလာမည်ဟု မျှော်လင့်ရသည်။ အီရန်က ရေနံပြန်လည် တင်ပို့နိုင်ခြင်းဖြင့် ကမ္ဘာ့ စီးပွားရေး တိုးတက်မှုအတွက် အထောက်အပံ့ရစေနိုင်သော်လည်း ရေနံထုတ်လုပ်သော နိုင်ငံအချို့ ဝင်ငွေထိခိုက်လာရနိုင်သည်။

အီရန်နိုင်ငံ အာရက်မြို့ရှိ နျူကလီယ စွမ်းအင်စက်ရုံ

သမိုင်းဝင် သဘောတူညီချက်က ပေးစွမ်းလာမည့် အခြေအနေကောင်းတစ်ရပ်မှာ ဥရောပသမဂ္ဂနိုင်ငံများ၌ အီရန်ဘဏ်ခွဲများ ဖွင့်လှစ်နိုင်မှုဖြစ်သည်။ အီရန်သည် အီးယူနိုင်ငံများနှင့် ရောင်းဝယ်ဖောက်ကားမှုများ ပြန်လည်ပြုလုပ်လာနိုင်မည်။

ထို့နည်းတူစွာ အမေရိကန် ကုမ္ပဏီများ အနေဖြင့် အီရန်ဘဏ်လုပ်ငန်းနှင့် လွတ်လပ်စွာ ချိတ်ဆက်လာနိုင်မည်။ အမေရိကန်ကုမ္ပဏီထုတ် ခရီးသည်တင်လေယာဉ်များကို အီရန်သို့ ရောင်းချခွင့် ရရှိလာမည်။

အီရန်နိုင်ငံသည် နိုင်ငံတည်ဆောက်ရေး ရည်မှန်းချက်များနှင့်အညီ ရေလေး သုတေသန ဓာတ်ပေါင်းဖိုတစ်လုံးကို ဒီဇိုင်းပုံစံထုတ် တည်ဆောက်ခွင့်ရရှိလာမည်။

အီရန်အပေါ် ယုံကြည်လွန်းလျှင် စုံလုံးကန်းလိမ့်မည်ဟု ဝေဖန်မှုများ ပေါ်ထွက်လာသော်လည်း အီရန်၏ နျူကလီးယား အစီအစဉ်ကို စောင့်ကြည့်၊ အကဲဖြတ်၊ အတည်ပြုသည့် နည်းစနစ်အရ ထိန်းချုပ်နိုင်သည်ဟု အမေရိကန်က ဆိုသည်။

အီရန်၏ အိမ်နီးချင်း အစ္စရေးနိုင်ငံကမူ ယင်းနိုင်ငံနှင့် မည်ကဲ့သို့သော သဘောတူညီချက်မျိုးကိုမဆို ရရှိစေလို်ခြင်းမရှိပေ။ အဏုမြူလက်နက်အတွက် သုတေသနမလုပ်နိုင်အောင် မိမိတို့ ဆက်လက်တားဆီးကာကွယ်သွားမည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ကြုံးဝါးထားသည်။

အစွန်းရောက် အီရန်နိုင်ငံက မိမိတို့ကို ဒုက္ခပေးရန် ချောင်းမြောင်းလေ့ရှိပြီး ဒဏ်ခတ်ခံရမှုများ မရှိတော့ပါက ဥစ္စာနေပြန်လည်တောင့်တင်းလာကာ မိမိတို့ကို ဘေးဥပဒ်ပေးလိမ့်မည်ဟု အစ္စရေးနိုင်ငံက သံသယပွားလုက်ရှိလေသည်။

သို့ရာတွင် ကမ္ဘာ့နိုင်ငံများနှင့် နျူကလီးယား ကျွမ်းကျင်ပညာရှင် ၉၉ ရာခိုင်နှုန်းတို့က အီရန်နိုင်ငံနှင့် သဘောတူညီချက် ရရှိခြင်းကို ထောက်ခံကြသည်ဟု သမ္မတအိုဘားမားက ၎င်းအား ဝေဖန်တိကပြုနေသူများကို ခွန်းတုံ့ပြန်သည်။

အိုဘားမားသည် ၎င်းအား ဝေဖန်ရှုတ်ချနေသူများဖြစ်ကြသော ကွန်ဂရက်ရှိ ရီပတ်ဘလေကန် အတိုက်အခံများကို ရည်ညွှန်းလျက် ထော်လော်ကန့်လန့် ခွန်းတုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်း ဆီပူအိုးဒေသ၌ ဖြစ်ပေါ်လတ္တံ့သော စစ်ဘေးအန္တရာယ်ကို စစ်ရေးနည်းလမ်းအရ မဟုတ်မူဘဲ သံတမန်ရေးနည်းလမ်းအရ ဖြေရှင်းရန် သမ္မတအိုဘားမား သန္နိဋ္ဌာန်ပြုထားပုံရလေသည်။

"စစ်ရေးနည်းလမ်း၊ သံတမန်ရေးနည်းလမ်းဆိုပြီး ရွေးလမ်းတွေရှိလေရဲ့။ ကျွန်တော်တို့ အီရန်နဲ့ နျူကလီးယား သဘောတူညီချက် မရဘူးဆိုရင် အရှေ့အလယ်ပိုင်းဒေသမှာ စစ်ပွဲတွေ ပိုပြီးတောင် ဖြစ်လာနိုင်သေးတယ်" ဟူ၍ အိုဘားမားက သတင်းစာရှင်းလင်းပွဲတွင် ထောက်ပြသည်။

ကြောင်ဖြူသည် မည်းသည်က ပမာဏမဟုတ် ကြွက်ခုတ်ဖို့သာ အရေးကြီးသည်ဆိုသော စကားဥပမာကို ပြန်လည်သတိရစရာပင်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ အန္တိမရည်မှန်းချက်က နျူကလီးယားလက်နက် အီရန်ပိုင်ဆိုင်လာမြင်းမရှိအောင် တားဆီးဖို့ပဲ" ဟူ၍ ပွက်လောရိုက်လာသော ဝေဖန်သံများကို မှန့်မှန့်ညက်ညက်ခြေနိုင်ရန် အိုဘားမားက ကြိုးပမ်းခဲ့ပြန်သည်။

"ကျွန်တော်တို့ ရရှိခဲ့တဲ့ သမိုင်းဝင် သဘောတူညီချက်ဟာ နျူကလီးယားလက်နက်ပြိုင်ပွဲကြီးဖြစ်မလာဖို့၊ အရှေ့အလယ်ပိုင်းဒေသမှာ စစ်ပွဲတွေ ထပ်ဖြစ်မလာဖို့ လုပ်ဆောင်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်" ဟူ၍ အိုဘားမားက ရေလိုက်လွဲနေသူများကို ပုံးရည်နှင့် ငမ်းချသည်။

"ကျွန်တော်တို့ သဘောတူညီခုက် မရယူဘဲနဲ့ အီရန်နိုင်ငံရဲ့ နျူကလီးယား အစီအစဉ်ကို ဘယ်လိုလုပ်ပြီး ကန့်သတ်နိုင်မှာလဲ။ အီရန်ဟာ အဏုမြူဗုံးလုပ်ဖို့ ပိုမိုနီးစပ်သွားမယ်။ အရှေ့အလယ်ပိုင်းဒေသမှာလည်း စစ်မက်ပိုမိုထူပြောလာနိုင်မယ်" ဟူ၍ အိုဘားမားက ၎င်း၏ အစိုးရအဖွဲ့ သံတမန်ရေးအရ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပုံကို ရည်ညွှန်းလျက် အကြောင်းအကျိုးပြ ပြောဆိုသည်။

အိုဘားမားသည် ၂၀၀၉ ခုနှစ်တွင် သမ္မတရာထူး၌ တာဝန်ယူခဲ့ချိန်နောက်ပိုင်း နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးဆုံး စိန်ခေါ်မှုအဖြစ် အီရန်ပြဿနာကို တိုင်တွယ်ဆောင်ရွက်ခဲ့ပုံရလေသည်။

အီရန်သည် နျူကလီးယားလက်နက် ပိုင်ဆိုင်လာမည်ဆိုလျှင် ဖြစ်ပေါ်လာနိုင်အံ့သော ကမ္ဘာ့လုံခြုံရေးပြဿနာမှာ ပုထိုးမနိုင်၊ ညောင်ပင်မနိုင်ဟူဘိသို့ အကျိုးသက်ရောက်မှုရှိလာနိုင်သည်ဟု တွေးဆရလေသည်။

စေတီပုထိုးပေါ် ညောင်ပင်ပေါက်၍ အပင်ကြီးလာသောအခါ ဘုရားအုတ်များ ကွဲအက်ပဲ့ကျ ပြိုပျက်လာသော ကာလ၌ ဘုရားပုထိုးကိုလည်း နိုင်အောင်မထိန်းသိမ်းနိုင်၊ ညောင်ပင်ကိုလည်း နိုင်အောင် ပယ်သတ်၍ မရနိုင်ဖြစ်တတ်ပုံကို ကျွန်ုပ်ညွှန်းဆိုခြင်းဖြစ်လေသည်။

အီရန် နျူကလီးယားပြဿနာကို ကမ္ဘာ့အင်အားကြီးနိုင်ငံတို့ ကိုင်တွယ်ပုံမှာ များလည်းစွဲသာ၊ ရှည်လည်းလျှောက်သာစေမည့် သံတမန်ရေးနည်းလမ်းအဖြစ် ရှုမြင်ရပြီး ယနေ့ကာလ တွင်ကျယ်လာသည့် သံခင်းတမန်ခင်း လက်သုံးစကားဖြစ်သော Win-Win ခေါ် စေ့စပ်ဆွေးနွေးရေး ဒဿနကို ဖော်ကျူးနေလေသည်။ ။

အခန်းဆက်ဝတ္ထုရှည်

ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏၊ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏၊ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ၊ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏၊ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏၊ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သုတိဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ် လွင်အောင်ရေးဖွဲ့ထား၏၊ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏၊ အသိအမြင်များလည်း တိုး၏၊ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏၊ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏၊ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်၊ (စာတည်း)

ယမန်နေ့မှအဆက်

အချိုဝိုင်း၏ အဓိကစားသောက်ဖွယ်မှာ မကျွေးဆီးတော်သီးပင်ဖြစ်၏။

စကားဝိုင်း အစတွင် ဦးဘရှိက- "အေးဗျ. . . ဆီးတော်သီးပေါ်တဲ့အရပ်သာ ဆိုတယ်။ တကယ်ချိုတဲ့ ဆီးတော်သီးက ရှားသားလား။ တစ်ချို့က အလုံးသာကြီးတယ်။ အရသာကတော့ ဖန်းခါးပဲ၊ ဒီဆီးတော်ကတော့ တကယ်ချိုတဲ့အပင်က ထွက်တာ။ ဦးဘနှင်းပဲ သိတယ်။ ခင်ဗျား လာတုန်းစားရအောင် တမင် အထူးရှာခိုင်းပြီး ကျွေးရတာ" ဟုဆို၏။

ဦးဘရှိ ချီးမွမ်းဂုဏ်ယူလောက်အောင်ပင် မကျွေးဆီးတော်သီးမှာ ချိုမွှေးအေးမြ အရသာချိုလေး ထူးကဲလှပေသည်။

"အင်မတန် အရသာရှိပါတယ်။ ကိုကြီးရှိ ဒါပေမယ့် အဲဒီလို အရသာထူးကဲပြီး အဲဒီထက်ကြီးတဲ့ ဆီးတော်သီးမျိုးဟာ ဆီးပင်တိုင်းက ထွက်ပြီး ကျွန်တော်တို့ရဲ့ တောင်သူလယ်သမားကြီးတွေဟာ အရင်းနည်းနည်းနဲ့ ဦးရေများများ ရောင်းချနိုင်သမျှ ပြည်သူအများဟာလည်း ဈေးပေါပေါနဲ့ အကောင်းဆုံးကို အလွယ်တကူ လိုသမျှ ဝယ်ခြမ်းသုံးဆောင်နိုင်တဲ့ ဘဝကို ရောက်ရင် ပိုမကောင်းဘူးလား"

ဦးဘရှိက နားမလည်သယောင် မျက်မှောင်ကြုတ်၍ ကိုသက်ခိုင်အား ကြည့်သည်။

ဘေးမှ ငြိမ်သက်စွာ ထိုင်နေသော ဆရာဦးမြသန်းက-

"ဆရာ ဆိုလိုတာ ကျွန်တော် နားလည်ဘူး" ဟု ဝင်ပြော၏။

"ဒီလိုပါ ဦးမြသန်း လွတ်လပ်ပြီးလို့ ဆယ်နှစ်ဆယ်မိုးကြာခဲ့ပြီ။ အလုပ်သမား လယ်သမားတို့ရဲ့ လောကနိဗ္ဗာန်ကို ထူထောင်အံ့လို့ ကျွန်တော်တို့နိုင်ငံရေး ကျေးဇူးရှင်ကြီးက ဘယ်လိုပဲ ကြွေးကြော်ခဲ့ပေမယ့် ကျွန်တော်တို့ရဲ့ တောင်သူလယ်သမားကြီးတွေဟာ အခုအထိ အရိုင်းပင်က ထွက်တဲ့အရိုင်းသီးကို အရိုင်းနည်းနဲ့ပဲ ထုတ်လုပ်ရောင်းချပြီး ရာဇဝင်တည်စက ဖွတ်မွဲပြာစု ခနဲဆန်ကွတ်ဘဝက မလွတ်သေးဘဲ နေကြရတုန်း ရှိသေးတယ်"

"အဲဒါနဲ့"

"အဲဒါနဲ့. . . ကျွန်တော် စောစောက ပြောခဲ့တဲ့စကားတွေဟာ ဆိုင်နေပါတယ်။ ဦးမြသန်း ဥပမာ ဆီးတော်သီးချိုချိုဟာ စေ့ကောင်းရတယ်။ ဒါပေမယ့် ဆီးတော်ပင်တိုင်းက ဆီးတော်သီးဟာ မချိုဘူး။ အကြောင်းက ဆီးတော်သီးချိုချိုရဖို့ သဘာဝအတိုင်း ရှားရှားပါးပါး ပေါက်တဲ့ ဆီးချိုပင်ကို အားကိုးနေရတယ်။ သဘာဝပြုသမျှ နရတဲ့အရိုင်းကို အားကိုးနေရသမျှ လိုရာတွေဟာ ရမလာနိုင်ဘူး"

ဤတွင် ဤအခန်းအစ၌ ဖော်ပြသကဲ့သို့ ဦးဘရှိက အရိုင်းနှင့် အယဉ်ကို ဆွေးနွေးခန်းကို ဖွင့်ခဲ့ခြင်းဖြစ်သည်။

ကိုသက်ခိုင်က စကားကို ဆက်ရ၏။

"အနုပညာ. . ကဗျာ. . . တေးသီချင်းတွေအနေနဲ့တော့ ကျွန်တော်လည်း ခပ်မှေ့မှေ့နဲ့ ခပ်ရောရောပဲ။ အဲ. . ဘာတဲ့၊ မပူပေါင်၊ နောက်ဆီက ချမ်းရော့သလား။ကရင်အိုယာပြင်ကြီးမှာကွယ်၊ မီးထည့်လို့ လှုံ. . . ဆို တာတို့၊ ပြီးတော့. . . . .

ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်. . .

ပျိုတို့မောင် ယာလုပ်တယ်၊ ဝါး. . . ခုတ်တဲ့တောင်၊ နွားညိုနောင်. . . စီအောင်ကွဲ့ ဖကျောင်း. . . ဆိုတာတို့ဟာ ကြည်နူးလွမ်းဆွတ်ဖွယ်ကောင်းပေမယ့် လူ့ဘဝတိုးတက်မှုအနေနဲ့ကြည့်ရင်. . . အဲဒီကရင်ယာအိုကြီးဟာ ချမ်းချမ်းစီးစီးမှာ မီးလှုံပြီး နွေးအောင်လုပ်ယူတာထက် လျှပ်စစ်မီတာ(အနွေးစက်)တို့၊ အဲယားကွန်းဒစ်ရှင်းနင်းဆိုတဲ့ လိုတရလေပြုပြင်မှုယန္တရားတွေနဲ့ စက္ကူရိတေးရိယက်က အတွင်းဝန် မင်းဘုရားများနည်းတူ နေနိုင်ရင် ပိုမကောင်းဘူးလား၊ ပြီးတော့ နွားညိုနောင်အစား ထရက်တာခေါ်တဲ့ လယ်ထွန်စက်. . . သစ်ခုတ်စက်ကြီးတွေကို သုံးနိုင်ရင် ပိုမကောင်းဘူးလား"

"နေဦး. . . နေဦး. . . အားလုံးပဲ ကောင်းပါသည် ခင်ဗျာပေါ့၊ ဒါပေမဲ့ ကိုယ့်ညီ စကားအဆက်ပြတ်နေတယ်"

ကိုယ်သက်ခိုင်က ဗီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိ ဖွာလိုက်၏။

"အဆက်မပြတ်ပါဘူး ကိုကြီးရှိ ခုနင်က အရိုင်းနဲ့ အယဉ်ကို ဆက်ရအောင်၊ ခုခိုန်အထိ ကျွန်တော်တို့ရဲ့ လယ်သမားကြီးတွေဟာ အရိုင်းပင်ကထွက်တဲ့ ကုန်ရိုင်းကို အရိုင်းနည်းနဲ့ပဲ ရောင်းပြီး နွားကျောင်းလို့ခုမ်းရင် မီးလှုံရတဲ့ဘဝမှာပဲ ရှိနေသေးတယ်၊ လောကဓာတ်နည်းအရ ဟော်မုန်းနယ်စီကရေးရှင်းခေါ်တဲ့ ပင်တွင်းအဖုအကျိတ်ထွက် ဩဇာဓာတ်အား ပြောင်းပေးခြင်းအားဖြင့်လည်းကောင်း၊ မြေ ရေ လေ ပတ်ဝန်းကျင်ကို ပြုပြင်ပေးခြင်းဖြင့်လည်းကောင်း တိုးတက်တဲ့ နိုင်ငံတွေမှာ အသီးအနှံတွေကို လိုချင်တဲ့ အနံ့၊ အရသာ၊ အပင်ထွက်ဦးရေတို့ကို စိတ်တိုင်းကျ လိုသမျှရအောင် ပြုပြင်ယဉ်အောင်လုပ်နိုင်ကြတယ်"

ကိုသက်ခိုင်က ခေတ္တ စကားရပ်နားလိုက်၏။

"ဆိုပါဦးလေ. . ."

ဦးဘရှိက တိုက်တွန်းသည်။

"ခုနင်က ဆီးသီးပဲ စကြရအောင်၊ လောကဓာတ်ပညာအရ ရွေးယူပြုပြင်စိုက်ပျိုးထားတဲ့ မျိုးကောင်းမျိုးသန့် ဆီးပင်က ဘာဒီလို့ခေါ်တဲ့ အညွန့်၊ အညှောက်ကိုယူ၊ ဂရပ်ဖတင်းခေါ်တဲ့ ပင်ချင်းဆက်နည်းနဲ့ ပူးဆက်စိုက်ပျိုး ဆီးရိုင်းပင်ရှိသမျှက ကြက်ဥလောက်ကြီးပြီး ပျားရည်လိုချိုတဲ့ ဆီးမျိုးတောင် ပင်ခွဲတွေမွေးဖွားလာမယ်၊ ဒီနည်းနဲ့ ဆီးရိုင်းက ဆီးယဉ်၊ လိမ္မော်ရိုင်းက လိမ္မော်ယဉ်၊ သရက်ရိုင်းက သရက်ယဉ် စသည်တွေကို ဖန်တီးထုတ်လုပ်နိုင်တယ်၊ အခုဒီနည်းတွေကို ကျွန်တော်တို့ မန္တလေးတက္ကသိုလ်စိုက်ပျိုးရေးဌာနမှာ စတင်သင်ကြား လက်တွေ့ပြုစုနေပြီ၊ အဲ. . . တင်ခုတော့ရှိတယ်။ အဲဒီနည်းတွေဟာ ဘယ်နေ့ ဘယ်အချိန် ဘယ်ကာလမှာ တောင်သူလယ်သမားတွေလက်ရောက်မလဲ၊ ဒါကို ကျွန်တော်မသိဘူး၊ ပြီးတော့ စိုက်ပျိုးရေးနည်းပညာတတ်လူငယ်တွေဟာ ဘယ်နေ့ ဘယ်အချိန် ဘယ်ကာလမှာ ရှိုးလူးတဲ့တောင်သူလယ်သမားကြီးတွေနဲ့ အတူ လယ်ယာကွင်းမှာ ချွန်းကန်ပြီး နိုင်ငံကို ထူထောင်ကြမလဲ၊ အဲဒါလည်း ကျွန်တော်မသိဘူး"

ဦးဘရှိက ပြုံးသည်။ ထို့နောက်. . .

"ကိုယ့်ညီက စိုက်ပျိုးရေးအကြောင်းဆိုတော့ ကိုယ်က ပြောရဦးမယ်၊ မကွေးက တမာပင်ကြီးတွေကို သတိပြုမိလား"

ဦးဘရှိက တစ်ခါတစ်ရံ ကိုသက်ခိုင်အား ချစ်စနိုး "ညီ" ဟု ခေါ်သည်။ တစ်ခါတစ်ရံ ရာထူးအလိုက် "ကျွန်တော်"၊ "ခင်ဗျား"ဆို၍ "ဦး"တပ်ခေါ်ခုင်ခေါ်လေ့ရှိ၏။ "ကိုယ့်ညီ" ဟုခေါ်သံကို ကိုသက်ခိုင်က ပိုကြိုက်သည်။

"မကွေးတမာပင်ကြီးတွေက ဗမာကုတ္တိုပင်ကြီးတွေကိုပါ ကျွန်တော်သတိပြုမိပါတယ် ကိုကြီးရှိ၊ အင်မတန်အောင်မြင်ဖွံ့ထားပြီး အေးမြသာယာတဲ့အရိပ်ကို ပေးကြပါတယ်၊ ဘာပြုလို့လဲ"

"အဲ. . . ဒုတိယ အဓိပတိနဲ့ ပါမောက္ခတွေ ဒီလာစဉ်က တမာပင်ကြီးတွေကြည့်ပြီး အားရလွန်းလို့ မန္တလေးတက္ကသိုလ်တစ်ဝိုက် ဒီတမာပင်ကြီးမျိုးတွေစိုက်ရအောင် ကိုကြီးဆီက မျိုးစေ့တောင်းတယ်၊ ကိုယ်ကလည်း သိပါတယ်၊ ဒါပေမဲ့ အလောတကြီးမို့ တမာသီးတွေပဲ ပေးလိုက်ရတယ်၊ ဟိုကျတော့ စိုက်တာ မပေါက်ဘူးတဲ့၊ ဘာပြုလို့လဲ. . . သိလား"

"ဟင့်အင်း"

"သူတို့က တမာသီးကို ဒီအတိုင်း မြေမြှုပ်စိုက်တာကိုး၊ တမာသီးက ချိုတော့ ပုရွက်ဆိတ်က သိပ်ကြိုက်တယ်၊ ဒီတိုင်းမြေမြှုပ်စိုက်တော့ အသီးတင်မကေ အထဲကအဆန်ပါ ပုရွက်ဆိတ်က နိုပ်ပစ်လိုက်တော့ ဘယ်မှာ တမာပင်ပေါက်တော့မလဲ၊ ဟား ဟား"

ကိုသက်ခိုင်နှင့် ဦးမြသန်းတို့ကလည်း ရယ်ကြသည်။

"ဒါထက် ကိုယ့်ညီ၊ စောစောက ကိုယ့်ညီပြောတဲ့အထဲမှာ ပညာတတ်လူငယ်တွေဟာ ရှိပေမယ့် လယ်တောထဲ ဘယ်တော့ ဆင်းမလဲ မသိဘူးလို့ ပါတယ်၊ စကားစပ်လို့ ပြောရဦးမယ်၊"

ဆက်လက်ဖော်ပြပါမည်။

(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

FORWARD YGN RENT A CAR
09-5089800 , 09-33345545
09-259259180 , 09-259259182
Jul: 31 30,000
Jul: 30 , 31 , Aug: 1
Jul: 30 , 31 , Aug: 1 30,000
Jul: 30 , 31 , Aug: 1 35,000
Service Guide ၊ Restaurnat ၊ Air-Con: Express Car

Diamond View Travels & Tours Co.,Ltd
Ks 35000

Travels & Tours Co.,Ltd
01-551240, 09-73160843

ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)လမ်းရှိ
တိုက်ခန်းများကို အမြန်ရောင်းမည်။အဆင့်မြင့်
ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။
ဖုန်း- ၀၉-၅၄၀၀၀၀၁၊၀၉-၇၃၀၉၅၆၇၇

YANGON SCHOOL OF BUSINESS
(EPS - TOPIK)
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း၊
ကိုရီးယားနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်လိုသူများအတွက်
(Sat - Sun) တန်းခွဲသစ်များဖွင့်လှစ်နေပါသည်၊
လစဉ်တန်းခွဲသစ်များ ရှိပါသည်၊
Ph : 09-254061559, 09-795989963, 09-73003160

"တက္ကသိုလ်ဝင်တန်းကျောင်းသူကျောင်းသားများလက်စွဲစာအုပ်"
မဟုယဉ်းအိပ်
Matriculation Essays

(ဒုတိယအကြိမ် ထပ်မံဖြည့်စွက်ပုံနှိပ်ခြင်း)
ရန်ကုန်မြို့ City Mart ဆိုင်ခွဲများ၊စာပေဗိမာန်စာအုပ်ဆိုင်များ၊
နေ့လတ်ဆောင်(ရွှေဂုံတိုင်)၊ မြည်ဝတီ(ရွှေဂုံတိုင်)၊ အင်းဝ၊ ရာပြည့် နှင့် အခြားနယ်စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်၊
မန္တလေးမြို့ ညီညီစာပေ၊ ထွန်းဦးစာပေ နှင့် ရာပြည့်စာပေ တို့တွင်လည်း ဝယ်ယူရရှိနိုင်ပါသည်၊

၁၉၈၃-၁၉၈၆ မြို့ပြအင်ဂျင်နီယာသူငယ်ချင်းများ

အာစရိယပူဇော်ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၉၈၃-၁၉၈၆ BE(Civil)ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ၁၉၈၃ခုနှစ်တွင် ဝင်ရောက်ခဲ့ကြသူများ (မည်သည့်နှစ်တွင်ဘွဲ့ရသည်ဖြစ်စေ)နှင့် ၁၉၈၆ခုနှစ်တွင် ဘွဲ့ရရှိသူများ (မည်သည့်နှစ်တွင် စတင်ဝင်ရောက်သည်ဖြစ်စေ)တို့၏ (၁၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ပေးကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၇-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၈း၃၀နာရီမှ ၁၂း၀၀နာရီအထိ
နေရာ - စုဝေးခန်းမ(ရန်ကုန်နည်းပညာတက္ကသိုလ်)
ကြို့ကုန်း-အင်းစိန်မြို့နယ်

လူထုဗဟိုပြု စီမံကိန်းမိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖရူဆိုမြို့၌ကျင်းပ

ဖရူဆို ဇူလိုင် ၁၈

ကယားပြည်နယ် ဖရူဆိုမြို့တော်သဇင်ခန်းမဆောင်၌ ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြု စီမံကိန်းမိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကယားပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးတော့ရယ်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှသိန်းအောင်က မိတ်ဆက်အမှာစကားကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ် ဦးကျော်စိုးလင်းက မြန်မာနိုင်ငံ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကမ္ဘာ့ဘဏ်မှ အတိုးနှုန်း ၀ဒသမ ၇၅ ကျပ်ဖြင့် အမေရိကန်ဒေါ်လာ ၅၀၂ သန်း ထောက်ပံ့ချေးပေးရခြင်းအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စွာအောင်က လူထုဗဟိုပြု စီမံကိန်းအကြောင်းကို ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာကြသော ကျေးရွာများမှ ဒေသခံပြည်သူများက မရှင်းလင်းသည်များကို ဆွေးနွေးတင်ပြခဲ့သည်။ စီမံကိန်းလက်စွဲအကျဉ်းချုံးတင်ပြခြင်းကို ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်မှူးဦးဝင်းမင်းထွန်းက တင်ပြဆွေးနွေးသွားရာ သိရှိလိုသည်များအား ပြန်လည်ဖြေကြား ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ် ဦးကျော်စိုးလင်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။

လူထုဗဟိုပြုစီမံကိန်း၏ အနှစ်သာရသည် ရပ်ရွာနှင့် လူထုကို ငွေကြေးဘယ်လောက် ထောက်ပံ့ပေးခဲ့သည်ဆိုသော ပမာဏထက် ကိုယ်တိုင်ပါဝင်၊ ကိုယ်တိုင်ဦးဆောင်၊ ကိုယ်တိုင်ဆုံးဖြတ်၊ ကိုယ်တိုင်စီမံခန့်ခွဲ၊ ကိုယ်တိုင် ကိုယ်လုပ်သည့်အလုပ်ကို တာဝန်ယူနိုင်ရန်၊ ယူတတ်ရန် စွမ်းရည်မြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ ယင်းကြောင့် ကယားပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဖရူဆိုမြို့ကို ရွေးချယ်ထားခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဦးကျော်(ဖရူဆို)

မြင်းခြံခရိုင်ပြည်သူ့ဆေးရုံတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲပြုလုပ်

မြင်းခြံ ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံတွင် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးမှုတွင် စိန်ပန်းပင်၊ ခရေပင်၊ ကုက္ကိုပင်၊ တမာပင်၊ မန်ကျည်းပင်၊ ပန်းတမာပင် စသည့် အပင်ပေါင်း ၅၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်သီဟ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင်စိုက်ပျိုးခဲ့ကြသည်။

ခရိုင်အုပ်ချုပ်ရေးမှူးမှလည်း စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် ရေမှန်မှန်လောင်းပေးခြင်း၊ ပေါင်းသင်၊ မြေဆွပေးခြင်းများကို ဂရုစိုက်လုပ်ဆောင်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

စော်မင်းနိုင်(မြင်းခြံ)

ဘုရားတောင် မှဇီးဖြူသောင်သို့ဆက်သွယ်သည့်လမ်းအား ကတ္တရာခင်း

ရေး ဇူလိုင် ၁၈

မွန်ပြည်နယ် ရေးမြို့နယ်၏အထင်ကရ ပင်လယ်ကမ်းခြေများအနက် ဘုရားတောင်ပင်လယ်ဝကမ်းခြေမှ ဇီးဖြူသောင်ကျေးရွာသို့ ဆက်သွယ်သွားလာသည့် မြေနီလမ်းအား ကတ္တရာလမ်းသစ်အဖြစ် ဧပြီလအတွင်းမှစတင်၍ လုပ်ငန်းများ အကောင်အထည်ဖော် ခင်းကျင်းနေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းသစ်အား ပထမဆင့်အနေဖြင့် ကျောက်ခင်းလမ်းအဖြစ်ခင်းကျင်းသွားမည်ဖြစ်ပြီး နောက်ဒုတိယအဆင့် ကတ္တရာလမ်းအား ဆက်လက်ခင်းကျင်းနိုင်ရန်လည်း သက်ဆိုင်ရာဌာနကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာကော်မတီသုံးရပ်မှ တာဝန်ရှိသူများကျေးရွာနေ စေတနာအလှူရှင်များ၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် လမ်းပေအရှည်မိုင် တစ်မိုင်ငါးဖါလုံ အကျယ် ၁၆ ပေဖြစ်၍ ခန့်မှန်းလျာထားချက် ကုန်ကျငွေကျပ်သိန်းပေါင်း ၁၅၀၀ ကျော်ခန့် အကုန်အကျခံကာ ခင်းကျင်းသွားမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်များအရ သိရသည်။

ဘုရားတောင်ပင်လယ်ဝသို့ ဆက်သွယ်သွားလာနေသော မြေနီလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ ခင်းကျင်းပြီးသွားပါက ဘုရားတောင်ပင်လယ်ဝ ကမ်းခြေသို့ လာရောက်အပန်းဖြေသူများအနေဖြင့်လည်း သွားလာရ လွယ်ကူအဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းအတွက် အထောက်အကူပြုလာမည်ဖြစ်သောကြောင့် ဒေသအတွင်း ခရီးသွားများ တိုးတက်များပြားလာသည်နှင့်အမျှ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြမည့်အပြင် ဒေသထွက်ကုန်များပါ ပိုမိုအကျိုးဖြစ်ထွန်းအောင်မြင်မည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်း (ရေး)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး မုံရွာတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်

မုံရွာ ဇူလိုင် ၁၈

မိုးဦးကျရာသီတွင် ပေါ်ပေါက်တတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး ဒုတိယ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရန်နိုင်နှင့် ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာမြင့်မြင့်အေးတို့က ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ကွင်းဆင်းပြီး သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ပြန်/ဆက်ဦးစီးဌာန၊ ရပ်ကွက်နှင့်ကျေးရွာများမှ တာဝန်ရှိသူများ ပူးပေါင်းကာ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ အဘိတ်ဆေးခပ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်သည့် အများပြည်သူ သိရှိလိုက်နာရမည့် အချက်များ၊ အသိပညာပေးခြင်းလုပ်ငန်းများကို မုံရွာမြို့ပေါ်ရှိ ရပ်ကွက်များ၊ အစိုးရနှင့် ပုဂ္ဂလိကစာသင်ကျောင်းများအပြင် ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မိုးချမ်း(မုံရွာ)

ရွေးကောက်ပွဲဆိုင်ရာ ပညာပေး ဆင့်ပွားသင်တန်း(၁/၂၀၁၅)စစ်ကိုင်းတွင်ဖွင့်

စစ်ကိုင်း ဇူလိုင် ၁၈

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးကာ စစ်ကိုင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၅) ကို ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့များ၊ နိုင်ငံရေးပါတီစုံအဖွဲ့အစည်းများ၊ အများယုံကြည်သူခြောက်ဦးနှင့် ဌာနဆိုင်ရာကိုးဦး၊ ရပ်ကွက်၊ ကျေးရွာများမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့များ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲထွဋ်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းရွှေတို့က ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆင့်ပွားသင်တန်း ဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားပြီး မဲရုံအတွင်း မဲပေးနေမှုစနစ်များကို ဗွီဒီယိုဖိုင်များပြသ၍ လက်တွေ့ရှင်းလင်း ဆွေးနွေးပေးခဲ့သည်။ တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက မရှင်းလင်းသည်များကို မေးမြန်းကြရာ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။ ယင်းနောက် ရွေးကောက်ပွဲဆိုင်ရာများနှင့်ပတ်သက်၍ သင်တန်းကို အသေးစိတ် ဆက်လက်ပို့ချပေးခဲ့ကြောင်း သိရသည်။

စော်မြင့်နိုင် (စစ်ကိုင်းခရိုင် ပြန်/ဆက်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ဘုတ်ပြင်း ဇူလိုင် ၁၈

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက ဘုတ်ပြင်းမြို့နယ် ပုလဲရွှေရည်ခန်းမ၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံပွဲပြုလုပ်ရခြင်းမှာ ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်မြန်ဆန်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုးရာသီအတွင်း ပြည်ထောင်စုလမ်းပိုင်းအား လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း၊ ဒေသလိုအပ်ချက်များအား ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများက မြို့နယ်အတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် မြို့သောက်သုံးရေရရှိရေး ကဏ္ဍများအလိုက် လိုအပ်ချက်များအားတင်ပြရာ ဝန်ကြီးချုပ်မှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုတ်ပြင်း(ပြန်/ဆက်)

လူထုလှူဒါန်းမှုအသွင်ဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲပြုလုပ်

မိုးကောင်း ဇူလိုင် ၁၈

မိုးကောင်းမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးဇော်သက်၏ စီမံဦးဆောင်မှုဖြင့် ဇူလိုင် ၁ ရက်မှ ၁၆ ရက်အထိ မိုးကောင်း သစ်တောဘီနယ် လေးမိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်း ဖားကန့်သစ်တောဘီနယ် ဖားကန့်မြို့ သိတဂူစကျူဒါနဆေးရုံတော်ဝင်းနှင့် နမ္မတီး သစ်တောဘီနယ် ကျောက်တောင်ဘုရားကုန်းတို့၌ ပျိုးပင်ပေါင်း ၁၁၆၇ ပင်စိုက်ပျိုးခဲ့သည်။

(၄၉၉)

ခွင့်ပြုရန်ပုံငွေဖြင့် ရေလှောင်ကန်များနှင့် ရေတွင်းတူးဖော်မည်

ကျွန်းလှ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရန်ရည်ရွယ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလှောင်ကန်များနှင့် ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ရေလှောင်ကန်များနှင့်ရေတွင်းကို မြင်သာဦး၊ ငံပြ၊ ရှမ်းကုန်း၊ ကုက္ကိုကုန်းနှင့်သံဘိုကုန်းကျေးရွာများတွင် မိုးရေလှောင်ကန်ကိုလည်းကောင်း၊ အောင်ပင်ကျေးရွာတွင်းနက်ရေတွင်းတူးခြင်းတို့ကိုလည်းကောင်း ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၉၅သန်းစီဖြင့် MELON ကုမ္ပဏီကတာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မျိုးဝင်းညို (ကျွန်းလှ)

မိတ္ထီလာမြို့နယ် ရှမ်းတဲစံပြကျေးရွာလမ်းအား ငွေကျပ်သိန်း ၅၈၀ ဖြင့် ကတ္တရာလမ်းခင်း

မိတ္ထီလာ ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရှမ်းတဲစံပြကျေးရွာလမ်း ရန်ကုန်-မန္တလေးကားလမ်းမမှ ကျေးရွာအရှေ့ဘက်ထိပ် အထိအား ၂၀၁၅-၂၀၁၆ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၅၈၀ ဖြင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရှမ်းတဲကျေးရွာ ရွာအဝင်လမ်းမကြီး အရှည်ပေ ၇၀၀၀၊ အကျယ် ၁၂ ပေ ကို မြေသားလမ်းအဖြစ် ၁၉၉၆ ခုနှစ်တွင် ဖောက်လုပ်ခဲ့ပြီး မြို့နယ်စည်ပင်သာယာအဖွဲ့က ၁၉၉၈ ခုနှစ်မှာ ကျောက်ချောလမ်းခင်းပေးခဲ့သည်။

"၂၀၀၅ ခုနှစ်မှာ ကိုယ့်အားကိုယ်ကိုး ဂန့်ကားမြေတင်ခြင်းလုပ်ငန်းဆောင်ရွက်တယ်။ ၂၀၁၃ ခုနှစ်မှာလည်း ကျေးရွာကကိုယ့်အားကိုယ်ကိုးပြီးတော့ ဂန့်ကားမြေအစီး ၅၀၊ ကျောက်မှုန့်အစီး ၃၀နဲ့ ရွာလမ်းမကြီးကို ပြုပြင်ခဲ့တယ်။ အဲဒီနောက် ဒီရွာဝင်လမ်းမကြီးကို ကတ္တရာလမ်းခင်းပေးဖို့ တိုင်းဒေသကြီးလွှတ်တော်ကတစ်ဆင့် တင်ပြပေးပါဆိုလို့ တင်ပြပေးခဲ့ရာက အခုလို ရှမ်းတဲကျေးရွာလမ်းမကြီးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၅၈၀နဲ့ ဆောင်ရွက်ပေးတာပါ"ဟု မိတ္ထီလာအမှတ် (၁)မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဌေးက ပြောသည်။

ရှမ်းတဲကျေးရွာလမ်းမကြီးမှတစ်ဆင့် ရှမ်းတဲကျေးရွာနှင့် သာစည်မြို့နယ် ဘုရားကုန်းအုပ်စု၊ ညောင်အိုင်အုပ်စုတို့မှ ကျေးရွာထွက်ကုန်များ မိတ္ထီလာမြို့ပေါ်သို့ ကုန်စည်များ တင်ပို့ရောင်းချရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန်အရှည်ပေ ၅၄၀၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းအမျိုးအစားအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၅၈၀ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

စဉ့်ကူးမြို့နယ် အသေးစားအရင်းအနှီး ချေးငွေထုတ်ပေးခြင်းအခမ်းအနား ကျင်းပ

စဉ့်ကူး ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်တွင် အသေးစားအရင်းအနှီးချေးငွေ ထုတ်ပေးခြင်း အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီက မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ခံ) ဦးစိုးမင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်ကော်မတီများနှင့် အခြေခံသမဝါယမအသင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိ (တာဝန်ခံ) ဦးစိုးမင်းက အရင်းအနှီး ချေးငွေထုတ်ပေးခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး အသင်းစုဥက္ကဋ္ဌ ဦးထွန်းသန်းက အမှာစကားပြောကြားကာ ချေးငွေများကို အသင်းသားများအား ပေးအပ်ခဲ့သည်။

အဆိုပါ ချေးငွေများကို အသင်းစုချုပ်မှ အခြေခံသမဝါယမအသင်းရှိ မြေယာမဲ့ အသင်း ၄၀၊ အသင်းသား ၁၂၅၉ ဦးအတွက် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ပုံပိုးငွေ ကျပ် သိန်း ၅၆၆ ဒသမ ၅၅ နှင့် Exim Bank မှ အခြေခံအသင်း ၅၁ သင်းအား ၃၂၉၆ ဦးအတွက် ပံ့ပိုးငွေကျပ် သိန်း ၁၄၈၃ ဒသမ ၂၀ ချေးပေးခဲ့ကြောင်းသိရသည်။

မြင့်သူ (စဉ့်ကူး)

ဖလမ်း၌ ဆယ်အိမ်စုမှူးသင်တန်းဖွင့်လှစ်

ဖလမ်း ဇူလိုင် ၁၈

ဖလမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော ဆယ်အိမ်စုမှူးသင်တန်းကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီခွဲက ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ကျင်းပခဲ့သည်။ အဆိုပါသင်တန်းတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က စီးပွားရေးဆိုင်ရာစောင့်ရှောက်မှုနှင့် လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများ၊ မြို့နယ်သူနာပြုအဆင့်(၁)ဒေါ်သုမ်ကြန်းက မျိုးဆက်ပွားကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးမှုနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးများ၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးဒေါက်တာရဲအောင်ထွန်းက ဆေးလိပ်အန္တရာယ်၊ စိတ်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို ဟောပြောခဲ့သည်။

မြို့နယ်လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ခင်ညိုဝင်းက တိုင်းရင်းဆေးပညာသိကောင်းစရာများ၊ မြို့နယ်ပညာရေးမှူးဦးသိန်းဆွေမြင့်က ပညာရေးစောင့်ရှောက်မှုနှင့်ကျောင်းပြင်ပ ပညာရေးလုပ်ငန်းအကြောင်းများ၊ သင်ကြားပို့ချမည်ဖြစ်ပြီးသင်တန်းသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်(၄)ရပ်ကွက်ရှိ ဆယ်အိမ်စုမှူးများနှင့် မြို့နယ်အတွင်းကျေးရွာများမှ ဆယ်အိမ်စုမှူးများ စုစုပေါင်းအင်အား ၄၀ ခန့်တက်ရောက်ကြကာ သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင် ပြန်/ဆက်

ချောက်မြို့နယ် သလုံးသွေးကျေးရွာ၌ မီးလောင်ပျက်စီးသွားသော ပုံစံ(၇)ဒုတိယမူရင်းများအား ထုတ်ပေး

ချောက် ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက သလုံးသွေးကျေးရွာ မီးလောင်ပျက်စီးသွားသော အိမ်ထောင်စုဝင်များကို ပုံစံ (၇)ဒုတိယမူရင်းထုတ်ပေးပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသက်နိုင်ထွန်းက ပုံစံ(၇) ဒုတိယမူရင်း ထုတ်ပေးရခြင်းအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် ပုံစံ(၇)ဒုတိယမူရင်းကို မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက် အတွင်းရေးမှူး မြို့နယ်ဦးစီးဌာနမှူး ဦးသက်နိုင်ထွန်း၊ အဖွဲ့ဝင် မွေး/ကုဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းတို့က ပေးအပ်ခဲ့ရာ သလုံးသွေးကျေးရွာမှ တာဝန်ရှိသူများက အသီးသီး လက်ခံရယူခဲ့သည်။

အဆိုပါကျေးရွာ မီးလောင်ပျက်စီးသွားသည့် ဦးပိုင်ပေါင်း ၆၈ ခု၊ တောင်သူပေါင်း ၅၃ ဦးတို့၏ ပုံစံ(၇)ဒုတိယမူရင်း ၆၈ ခုအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဦးဆောင်မှုဖြင့် ထုတ်ပေးခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ဇမဲ)

ကြေညာချက်

မြန်မာနိုင်ငံဆေးကောင်စီ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများအပါအဝင်မြန်မာနိုင်ငံ ဆေးကောင်စီအဖွဲ့ဝင်များအားလုံး မပျက်မကွက် စုံညီစွာ တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ရက် - ၂၅-၇-၂၀၁၅ ရက် (စနေနေ့)
အစည်းအဝေးကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
အစည်းအဝေးကျင်းပမည့်နေရာ - မြန်မာနိုင်ငံဆေးကောင်စီ

(အစည်းအဝေးခန်းမ)
မြန်မာနိုင်ငံဆေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အသိပေးကြေညာချက်

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးစီးသည့် ရန်ကုန်တိုင်းဒေသကြီး(ရွာသာကြီး)နှင့် မန္တလေးတိုင်းဒေသကြီး (မြစ်ငယ်) တို့တွင် ကုန်းတွင်းဆိပ်များတည်ဆောက်၍ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီသည် (၅.၁၁.၂၀၁၄)ရက်နေ့တွင် တင်ဒါလုပ်ငန်းစဉ် ပထမအဆင့်၌ အလားအလာရှိသော ကုမ္ပဏီ(၇)ခုအား ပဏာမရွေးချယ်ပေးခဲ့ပြီး ဒုတိယအဆင့်ဖြစ်သော ပဏာမဖြစ်နိုင်ခြေဆန်းစစ်ချက်များပါဝင်သည့် ကနဦးအဆိုပြုလွှာပုံစံပါ အချက်များကို ဆက်လက်ယှဉ်ပြိုင် စေခဲ့ရာ ကုမ္ပဏီ(၆)ခုမှ (၉.၁.၂၀၁၅)ရက်နေ့တွင် ကနဦးအဆိုပြုလွှာ တင်သွင်းခဲ့ကြပါသည်။

၂။ ၎င်းကနဦးအဆိုပြုလွှာများကို တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီမှ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်ခဲ့ရာတွင် အောက်ဖော်ပြပါ ကုမ္ပဏီ(၅)ခုမှာ ဒုတိယအဆင့်တွင် အလားအလာရှိသော လုပ်ငန်းဆောင်ရွက်လိုသူ ကုမ္ပဏီများအဖြစ် ရွေးချယ်ခံခဲ့ရပါသည်-

- (က) KERRY Logistics Network
- (ခ) Resources Group Logistics Co.,Ltd
- (ဂ) KMA Shipping Co.,Ltd
- (ဃ) Malikha Automobile Co.,Ltd
- (င) UMG Logistics Co.,Ltd

